# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၀၃)၊ ၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ ၇-၁၀-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)


**ယနေ့ ဖတ်စရာအညွှန်း**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ — စာမျက်နှာ ၅

ဗန်ဒိုက်ချ် နယ်သာလန် ကစားသမားဘဝ ပွဲပေါင်း ၁၀၀ ပြည့်မြောက် — စာမျက်နှာ ၁၁

မြန်မာပေါ်ဆန်းဆန် ဈေးတည်ငြိမ်ရေး ဆန်ရောင်းဝယ်သူများ လိုက်နာရန် စည်းကမ်းထုတ်ပြန် — စာမျက်နှာ ၁၃

တရားဦး ဓမ္မစကြာတရားတော်(၈) (ဆောင်းပါး) — စာမျက်နှာ ၁၄


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် အောက်တိုဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာ-မလေးရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် စာမျက်နှာ ၃ သို့ ✦



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၆

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

မိုး/ဇလ




၂၀၂၆ ခုနှစ်၊ အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံမှ ဆုတ်ခွာသည့်ရက်များပြပုံ။

## မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသောလက်အား ခွဲစိတ်ကုသ၍ အောင်မြင်စွာ ပြန်လည်တွဲဆက်ပေးနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် မော်တော်ဆိုင်ကယ် မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်လက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားခဲ့သည့် အသက် (၉) နှစ်အရွယ် ကလေးငယ်တစ်ဦးအား ခွဲစိတ်ကုသ၍ ပြန်လည်တွယ်ဆက်ခြင်း (Replantation Surgery)ကို စက်တင်ဘာ ၃ ရက်တွင် အောင်မြင်စွာ ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကလေးငယ်သည် စက်တင်ဘာ ၃ ရက်တွင် ဟုမ္မလင်းမြို့၌ ထိခိုက်ဒဏ်ရာရရှိ၍ ဘယ်ဘက်လက်ပခုံးမှ ပြတ်တောက်သွားခဲ့ပြီး လူနာနှင့်အတူ စာမျက်နှာ ၄ သို့ ❐

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး နေ့စဉ်

# မှန်ကန်ကောင်းမွန်သည့် အသိပညာဗဟုသုတများကို ရှာဖွေရယူနေရမည်

လူ့လောကတွင် ကိုင်းနှင့်ကျွန်းကဲ့သို့ လူနှင့်လူ့ပတ်ဝန်းကျင်သည် ဆက်ဆံလျက်ရှိမြဲပင်ဖြစ်သည်။ တစ်ဦးမေတ္တာတစ်ဦးမှာပင် အရေးပါလှပါသည်။ လက်တွေ့ကျသောလုပ်ငန်းများ ထိရောက်စွာလုပ်ကိုင်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းနေကြရမည်ဖြစ်သည်။

ထို့ပြင် လူတွင် ကောင်းခြင်းနှစ်မျိုးရှိသည်ဟုဆိုပါသည်။ ထိုနှစ်မျိုးမှာ ကိုယ်တိုင်ကောင်းခြင်းနှင့် သူတစ်ပါးထင်မြင်ခြင်းကောင်းခြင်းတို့ပင်ဖြစ်သည်ဟုဆိုပါသည်။ မိမိတို့သည် လူဖြစ်နေကြ၍ လူ့အဖွဲ့အစည်းတွင် မိမိအကျိုး၊ အများအကျိုးကို သယ်ပိုးနေကြရမည်သာဖြစ်သည်။

မိမိတို့သည် မိမိဘဝနှင့် အများဘဝတို့၏ အောင်မြင်မှုကို လိုလားသူတိုင်း အောင်မြင်မှု၏အကြောင်းတရားဖြစ်သော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်မည်ဖြစ်သည်။ စည်းလုံးညီညွတ်စွာ လုပ်ဆောင်တတ်ကြခြင်းအားဖြင့် အောင်မြင်ခြင်းကိုဖြစ်စေသကဲ့သို့ ကြီးမားသော အင်အားတစ်ရပ်လည်းဖြစ်စေပါသည်။

လူ့ဘဝတွင် အရာရာတိုင်း အစကတည်းက ကောင်းမွန်နိုင်မှသာ ပါမှ အဆုံးတွင် တည်တံ့သေချာသော ပန်းတိုင်ကိုရောက်ရှိနိုင်မည်ဖြစ်သည်။ လူတစ်ယောက် ဘဝတစ်ခုကိုတည်ဆောက်ရာတွင် အဓိကအရေးကြီးဆုံးလိုအပ်ချက်မှာ စိတ်ဓာတ်စည်းကမ်းပင်ဖြစ်သည်။ အစဟူသည် စိတ်ဆန္ဒဖြစ်သည်။ ဆန္ဒဖြင့်စတင်နိုင်မှ အောင်မြင်မှုဖြင့် အဆုံးသတ်နိုင်မည်ဖြစ်သည်။ အသိတရား အသိပညာရရှိရန်နှင့် ကျွမ်းကျင်သော အတတ်ပညာရရှိရန် မိမိကိုယ်တိုင် အစွမ်းကုန်ကြိုးစားမှသာ လောကတွင် ရပ်တည်နိုင်မည်ဖြစ်သည်။ လောကတွင် ရပ်တည်ရှင်သန်နိုင်ရန်အတွက် ပညာရပ်တစ်မျိုးမျိုးကို တတ်မြောက်ထားရန်လည်း လိုအပ်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် မှန်ကန်ကောင်းမွန်သည့် အသိပညာဗဟုသုတများကို ရှာဖွေရယူရန်အတွက် အသိပညာ၊ အတတ်ပညာများ ပေါ်များလှပေသည်။ အသက်မွေးမှုတစ်ခု ပညာကိုယ်စီပါဟူသော စကားကဲ့သို့ မိမိနှင့်နီးစပ်သော အတတ်ပညာတစ်ခုခုကို လိုချင်လျှင် မည်သည့်ပညာရှင်ထံမဆို သွားရောက်ကာ တပည့်ခံသင်ယူနိုင်ပါသည်။ ဝီရိယရှိသောသူနှင့် ရိုးသားဖြောင့်မတ်သူတို့အတွက် ပညာသင်ပေးချင်သည့် ဆရာများစွာရှိပါသည်။ မိမိကိုယ်ကိုယ် အသုံးကျသူတစ်ယောက်ဖြစ်အောင် ကြံဆောင်နိုင်သော သတ္တိရှိပြီး ရိုးသားသောအလုပ်အကိုင် လုပ်ကိုင်လိုစိတ်ရှိရန် လိုအပ်မည်ဖြစ်သည်။ ထိုသူများအတွက် ယနေ့အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလှပါသည်။ လူသားတိုင်း ဖြတ်သန်းရမည့်ဘဝခရီးတွင် အဆင်ပြေချောမွေ့စေရေးအတွက် အစဉ်အမြဲကြိုးစားပြုမူနေထိုင်ကြရမည်ဖြစ်သည်။ မိမိတို့၏ ရည်ရွယ်ချက် ရည်မှန်းချက် လိုအင်ဆန္ဒများအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထက်ထက်သန်သန်ဆောင်ရွက်ခြင်းသည် ကြိုးစားမှုပင်ဖြစ်သည်။

မှန်ကန်ကောင်းမွန်သည့် အသိပညာဗဟုသုတများကို ရှာဖွေရယူခြင်းသည် လူတစ်ဦး၏ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုတွင် အထောက်အပံ့ကောင်းများ ရရှိစေနိုင်မည်ဖြစ်သည်။ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံအတွင်း ပညာတတ်များ ပေါ်များလာရေးကို ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သလို ပြည်သူများ အသိပညာအတတ်ပညာ ဗဟုသုတများ တိုးပွားလာစေရန်အတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု "မုန့်ဖုတ်" သင်တန်းဖွင့်

**ပုသိမ်ကြီး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်ဖုတ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နန္ဒာကျေးရွာအုပ်စု၊ နန္ဒာမြောက်ကျေးရွာရှိ အလင်းရောင်စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ဆက်လက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြများက မိတ်ဆက်စကားပြောကြားပြီးနောက် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် Butter Cake ၊ Butter Cookie ၊ Sugar Cookie ၊ Chiffon Cake ၊ ဆိုက်ကလုံးကိတ်၊ မာဘယ်ဘတ်တာကိတ်တို့ကို ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများဖြစ်ရန် သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလ ၅ ရက်၌ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေရန်ကင်း)**

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး မီးသတ်ရေလှောင်ကန်နှင့် ရေစင်များစစ်ဆေး

**မတ္တရာ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်ဖြစ်သည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ရေလှောင်ကန်နှင့် ရေစင်များ စစ်ဆေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးချမ်းငြိမ်းသူနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေလိုအပ်ချက်များ ဖြစ်ပေါ်လာပါက အလွယ်တကူ ရေရရှိနိုင်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး၊ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် မြို့ပေါ်(၅)ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်(၁၁)ကန်၊ ရေစင်(၃)စင်နှင့် အများသုံးရေကန်များတွင် ရေများသိုလှောင်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

မတ္တရာမြို့နယ်တွင် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေရာသား**

၀-၀-၀-၀-၀

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (နဝမနေ့) ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (နဝမနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် (၇) ရပ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ၁၀၀ ဦး စုစုပေါင်း ၁၇၁ ဦး တက်ရောက်ကြသည်။



ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးကမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (နဝမနေ့)ကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ပြီး တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသည် အောင်မြင်စွာ ကျင်းပပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

✦ ရှေ့ဖုံးမှ

လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၂ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၂၆ ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၉)** ဦးရန်နိုင်ဦးက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် အဓိကတာဝန်များ ဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများကို တာဝန်ကျေပွန်စွာ အပတ်တကုတ် ကြိုးစားထိန်းသိမ်းရင်း တစ်ဖက်ကလည်း ယနေ့နိုင်ငံတော်တွင် ကျင်းပရန် ပြင်ဆင်နေသည့် "မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ"ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပပေးခြင်း၊ အရှေ့တောင်အာရှအဆင့် သာမက ကမ္ဘာကပါ အံ့အားသင့်ရသည့် 27th SEA Games အရှေ့တောင်အာရှ အားကစားပွဲတော် ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားကြီးများတွင် နိုင်ငံကိုကိုယ်စားပြုပြီး အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ တာဝန်ယူကျင်းပပေးခြင်း စသည့် အမျိုးသားရေးတာဝန်များကို အောင်မြင်ထင်ရှားစွာ ထမ်းရွက်နိုင်ခဲ့သည့် ဝန်ကြီးဌာနလည်း ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးတာဝန် ကျေပွန်ပြီး မြန်မာအမျိုးသား ယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထာဝရ တည်ရှိအောင် စဉ်ဆက်မပြတ် ကြိုးပမ်းနေသည့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံကြီးများရှိ ယဉ်ကျေးမှုဝန်ကြီးဌာနများကဲ့သို့ အမည်နာမ ခိုင်ခိုင်မာမာနှင့် ရပ်တည် ဖွဲ့စည်းထားရှိခြင်းသည် နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်ဒြပ်အဖြစ် သင့်လျော်ထိုက်တန်မှုရှိပါကြောင်း။

ယခုကဲ့သို့ အစဉ်အလာရှိစွာနှင့် တာဝန်ကျေခဲ့သည့် ဝန်ကြီးဌာန တစ်ခုအနေဖြင့် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး "အရိုးပေါ်အရွက်မဖုံးရအောင်" နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသည့်ယခင်"ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန" အမည်ကို "ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန" အဖြစ်သို့ အမြော်အမြင်ကြီးစွာ အမည်နာမ ပြောင်းလဲသတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၅/၂၀၂၆)ကို ထိုက်ထိုက်တန်တန် ပြဋ္ဌာန်းထုတ်ပြန်ပေးခဲ့ခြင်းမှာ အမျိုးသားရေးအစဉ်အလာကြီးပြီး ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသည့် မိမိတို့နိုင်ငံတော်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စဖြစ်သည့်အားလျော်စွာ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၅/၂၀၂၆) ကို ထုတ်ပြန်ခြင်းအပေါ် နိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူရင်း အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီ တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၀)** ဦးသန်းအေး(ခ) ဦးတင်ဦးက ယနေ့ခေတ် အနောက်တိုင်း ယဉ်ကျေးမှုပုံစံများ ကမ္ဘာ့အရပ်ရပ်သို့ လွှမ်းမိုးကြီးစိုး ဝင်ရောက်နေသည့်အတွက် ယဉ်ကျေးမှု ကိုယ်ခံအား အတော်များများ ကျဆင်း ဆုတ်ယုတ်နေချိန်တွင် ယဉ်ကျေးမှုဆိုသည့် Soft Power မျက်နှာစာမှာ အထူးအလေးထား ဦးရိုက်ပြီး အားဖြည့်ကာကွယ်သည့်အနေအားဖြင့် ဖြစ်မည်ဆိုလျှင် ယဉ်ကျေးမှုဝန်ကြီးဌာန သို့မဟုတ် ယဉ်ကျေးမှုထိန်းသိမ်းကာကွယ်မြှင့်တင်ရေး ဝန်ကြီးဌာနဟု ဝန်ကြီးဌာနတစ်ခုသီးခြားတည်ထောင် ဖွဲ့စည်းသင့်သည်ဟု မိမိတို့အနေဖြင့် ယူဆပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတက ပေးပို့ထားသော ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ထားချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ** ဒေါ်စမ်းစမ်းငွေကယဉ်ကျေးမှုသည် နိုင်ငံတစ်ခုနှင့် အမျိုးသားလူမျိုးတစ်ခုလုံး၏ အသက်သွေးကြောဖြစ်ပြီး ငြင်းပယ်ရန် မရနိုင်လောက်အောင် အလွန်အရေးပါသောကဏ္ဍတွင် ရှိနေပါကြောင်း၊အမျိုးသားရေးကို ဖော်ပြခြင်း၊ အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေခြင်း၊ အမျိုးသားစရိုက်နှင့် လက္ခဏာပုံသွင်းပေးခြင်း၊ စီးပွားရေးနှင့် ခရီးသွားကဏ္ဍကို အထောက်အကူပြုခြင်းနှင့်အတူ Soft Power တည်ဆောက် ပေးနိုင်ခြင်းနှင့် ယနေ့ခေတ် ကမ္ဘာ့ရေးရာတွင် ယဉ်ကျေးမှုသည် ထိရောက်သော သံတမန်ရေးရာ တစ်ခုအဖြစ်၊ အနုပညာ၊ ဂီတ၊ ရုပ်ရှင်နှင့် အစားအသောက်များမှတစ်ဆင့် တခြားနိုင်ငံများအပေါ် ကောင်းမွန်သော သြဇာလွှမ်းမိုးမှုနှင့် ချစ်ကြည်ရေးကို တည်ဆောက်နိုင်သည့် အနေအထားရှိပါကြောင်း။

သို့ဖြစ်၍ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ဖော်ထုတ်ဆောင်ရွက်ပြီး နိုင်ငံ၏ယဉ်ကျေးမှုကိုပါ ပြသနိုင်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဖော်ဆောင်ထားသည့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသို့ ပြောင်းလဲသတ်မှတ်ခြင်းအား လေးနက်စွာ ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆)** ဦးအေးပိုင်က ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ပျောက်မည်ဟူသော ရှေးလူကြီးများ ပြောဆိုခဲ့သည့် ဆိုရိုးစကားအတိုင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စာပေ၊ ဂီတ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့၊ ဘာသာစကားများကို ဝိုင်းဝန်းကာကွယ်ကြရန် အလွန်အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံနှင့် လူမျိုးကို မပျောက်ကွယ်ရလေအောင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာနှင့် စဉ်းစားတွေးခေါ်ကာ "ယဉ်ကျေးမှု၊ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန" ဟု အမည်ပြောင်းလဲသတ်မှတ်ခြင်းကို ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟု ပြောင်းလဲခြင်းမှာ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် ယဉ်ကျေးမှုကို မြှင့်တင်ခြင်းဖြင့် ဟိုတယ်ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်ခြင်းဟူသော မူဝါဒနှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ပြင် ယဉ်ကျေးမှုမြှင့်တင်ခြင်းဖြင့် ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသန္တရရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် ကမ္ဘာသို့ချပြခြင်းတို့ဖြင့် ခရီးသွားကဏ္ဍကို အားပေးနိုင်ပါကြောင်း၊ ရိုးရာမပျက်ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများ၊ သမိုင်းဝင်နေရာများနှင့် ဒေသခံတိုင်းရင်းသားတို့၏ရိုးရာဓလေ့ထုံးစံများကို ဖော်ထုတ်ပြသခြင်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ထူးခြားသည့် ရိုးရာအစားအစာများနှင့် တိုင်းရင်းသား ဝတ်စားဆင်ယင်မှုများကို ဖော်ထုတ်ပြသခြင်းဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြပွဲများ၊ ရိုးရာပွဲတော်များ ပြသခြင်းဖြင့် လည်းကောင်း ခရီးသွားများ စိတ်ဝင်စားလာစေမည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများကို မြှင့်တင်ဖော်ထုတ်နိုင်လာမည်လည်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအမည်ကို နိုင်ငံတော်အစိုးရက ယဉ်ကျေးမှုကို တည်မှီပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် အခန်းကဏ္ဍအဖြစ် သတ်မှတ်ထားသည့်အတွက် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအဖြစ် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းခြင်းမှာ သင့်လျော်မှန်ကန်မှု ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က သဘောတူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအမည်အား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမည်အဖြစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၅/၂၀၂၆ ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် လည်းကောင်း၊ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အဖြစ် လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် အစားထိုးခန့်အပ်ခြင်းနှင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၆/၂၀၂၆ ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြထားသော ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန် ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)အပေါ် အထူးကုန်စည်ခွန်နှုန်းကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ** ဒေါက်တာကျော်ဆွေက အခွန်ကင်းလွတ်ခွင့်ပြုရခြင်း၏ရည်ရွယ်ချက်များမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မမြင့်တက်စေရေး၊ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် လျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အား မမြင့်တက်စေရေးအတွက် ဖြစ်သည်ဟု ရှင်းလင်း ဖော်ပြထားပါကြောင်း၊ သို့ရာတွင် အခွန်ကင်းလွတ်ခွင့်မှ ရရှိသည့် အကျိုးကျေးဇူးသည် အမှန်တကယ် ပြည်သူများထံ မည်မျှအထိ ရောက်ရှိသွားသည်ကို တိုင်းတာစစ်ဆေးရန် လိုအပ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်သည် တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများ အနေဖြင့် အကျိုးအမြတ်ကိုသာ တိုးမြှင့်ရရှိခြင်း မဖြစ်စေရန် စောင့်ကြည့်ထိန်းချုပ်မှု၊ ဈေးနှုန်း ထုတ်ဖော်ပြသမှုနှင့် စာရင်းစစ်ဆေးမှုများ ပြုလုပ်သင့်ပါကြောင်း။

ရေရှည်တွင် လောင်စာဆီအားလုံးကို အခွန်ကင်းလွတ်ပေးထားခြင်းထက် အမှန်တကယ် လိုအပ်သောကဏ္ဍများကို အဓိကထား၍ သက်သာခွင့်ပေးသည့်စနစ်သို့ ကူးပြောင်းသင့်ပါကြောင်း၊ NLG အခွန်ကင်းလွတ်ခွင့်၏ အကျိုးခံစားသူသည် ပြည်သူများ ဟုတ် မဟုတ်၊ တင်သွင်းသူများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သူများ ဟုတ် မဟုတ် ဆိုသည်ကို လည်း ခွဲခြားတိုင်းတာနိုင်သည့် စနစ် လိုအပ်ပါကြောင်း။

အထူးသဖြင့်လာမည့်အောက်တိုဘာနှင့် နိုဝင်ဘာလများသည် မိုးသီးနှံများ ရိတ်သိမ်းချိန်နှင့် ဆောင်းသီးနှံများ စတင်စိုက်ပျိုးချိန် ဖြစ်ပါကြောင်း၊ ထိုကာလအတွင်း တောင်သူများသည် ထွန်ယက်ခြင်း၊ ရေသွင်းခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့အတွက် စက်သုံးဆီကို အများအပြား အသုံးပြုရမည် ဖြစ်ပါကြောင်း၊ အခွန်လျှော့ပေါ့မှုကို ချက်ချင်း ရပ်ဆိုင်းလိုက်ပါက စက်သုံးဆီ ကုန်ကျစရိတ် မြင့်တက်ပြီး တောင်သူများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ တောင်သူဝင်ငွေ၊ စိုက်ပျိုး ထုတ်ကုန်ဈေးနှုန်းနှင့် စားနပ်ရိက္ခာဈေးနှုန်းများအပေါ် ဆက်တိုက် သက်ရောက်နိုင်ပါကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ၏ လောင်စာလိုအပ်ချက်ကို လမ်းပေါ် မော်တော်ယာဉ်များနှင့် တူညီသော စနစ်တစ်ခုတည်းဖြင့် မစီမံသင့်ပါကြောင်း။

ထိုစနစ် ထူထောင်ခြင်းဖြင့် အမှန်တကယ် လယ်ယာလုပ်ငန်း သုံးစွဲသူများကို ကူညီပေးနိုင်သကဲ့သို့ စက်သုံးဆီအလွဲသုံးစားမှုနှင့် ပြန်လည်ရောင်းချမှုများကိုလည်း ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း၊ အချုပ်အားဖြင့် ယခုသဝဏ်လွှာတွင် တင်ပြထားသည့် ဒီဇယ်ဆီ HSD 500 ppm နှင့် LNG အပေါ် အခွန်ကင်းလွတ်ခွင့်ကို နောက်ဆုံးအကြိမ်အဖြစ် တစ်လထပ်မံတိုးမြှင့်ခွင့်ပြုရန် တင်ပြချက်ကို ထောက်ခံပါကြောင်း။

သို့သော် စက်တင်ဘာ ၃၀ ရက်နေ့နောက်ပိုင်းတွင် အခွန်ကင်းလွတ်ခွင့်ကို ထပ်မံတိုးမြှင့်ရန် မလိုအပ်စေရေးအတွက် ရေရှည်တည်တံ့နိုင်သော လောင်စာဆီနှင့် စွမ်းအင်အခွန် မူဝါဒတစ်ရပ်ကို ကြိုတင်ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်မှ ရရှိသည့် အကျိုးကျေးဇူးများသည် တင်သွင်းသူများထံတွင်သာ မကျန်ရှိဘဲ ဒီဇယ်ဈေးနှုန်း၊ သယ်ယူပို့ဆောင်ရေးခ၊ စားသောက်ကုန်ဈေးနှုန်းနှင့် လျှပ်စစ်ဓာတ်အားခ များအပေါ် အမှန်တကယ် သက်ရောက်မှု ရှိ/မရှိ စောင့်ကြည့် အကဲဖြတ်ရမည် ဖြစ်ပါကြောင်း။

လယ်ယာသုံး စက်ယန္တရားများ အတွက် သီးခြားမှတ်ပုံတင်စနစ်၊ Fuel QR စနစ်နှင့် လောင်စာခွဲတမ်း စနစ်တို့ကို အမြန်ဆုံးဖော်ဆောင် ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်လျှော့ပေါ့မှုကြောင့် လျော့နည်းသွားသော အခွန်ဝင်ငွေများကို ပြန်လည် ဖြည့်ဆည်းရာတွင် ပြည်သူများ၏အခြေခံစားသောက်ကုန်များနှင့် ထုတ်လုပ်မှုကဏ္ဍ အပေါ် ထပ်မံဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စနစ်တကျစီမံရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အခွန်ကင်းလွတ်ခွင့်ကို နောက်ဆုံး အကြိမ်အဖြစ် တစ်လထပ်မံ တိုးမြှင့်ခွင့်ပြုရန် အကြံပြုဆွေးနွေး သည်။

စာမျက်နှာ ၄ သို့ ✦

✦ စာမျက်နှာ ၃ မှ

ပေါင်းတည် မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်းက စိုက်ပျိုးရေးအတွက် တောင်သူလယ်သမားများ စိုက်ပျိုးရိတ်သိမ်းရာတွင် အဆင်ပြေစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခ မြင့်တက်မှုမရှိစေရေး ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် ဓာတ်ငွေ့ရည်အပေါ်ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇တွင် "ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန် အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို နောက်ဆုံးအကြိမ် တစ်လ (၁-၉-၂၀၂၆ ရက်မှ ၃၀-၉-၂၀၂၆ ရက်အထိ) ထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးအတွက် လေးလေးနက်နက် ထောက်ခံကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)ကို ကုန်ဈေးနှုန်း တည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အား ဈေးနှုန်းမြင့်တက်မှု မရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည် (LNG) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ထို့အတူ စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD(500 ppm)ကို ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ လျှပ်စစ်ဓာတ်အား ဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (LNG)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ အတွက် ထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကိစ္စနှင့် စပ်လျဉ်း၍** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့်စာလွှာကို လက်မှတ်ရေးထိုး၍အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့ခြင်းဖြင့် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အမြန်ဆုံးအသက်ဝင်၍ အာဆီယံဒေသတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ဖူလုံရေး အစီအမံများချမှတ်ခြင်းနှင့် အနာဂတ်ကာလတွင် သဘာဝဘေး/စစ်ဘေး အန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် စွမ်းအင်ပြတ်လပ်မှု အခက်အခဲများကို တစ်နိုင်ငံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ရေတို၊ ရေရှည် အရေးပေါ်တုံ့ပြန်မှု အစီအမံများ ချမှတ်ရေးဆွဲ အကောင်အထည် ဖော်နိုင်မည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အကူအညီများ ရရှိနိုင်မည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

အာဆီယံ ရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက် မူဘောင် အသက်ဝင်နိုင်ရေးအတွက် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် ကြိုတင် သဘောတူခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အာဆီယံရေနံဖူလုံမှု ဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေး အတွက် ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် စာချုပ်အား အတည်ပြုပါဝင်သည့် စာလွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စု လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော် ရုံးသို့ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဘယ်လာရုစ်သမ္မတနိုင်ငံ၊ DBRB နှင့် Belinvestbank JSC တို့မှ ပို့ကုန်ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ပို့ကုန်ချေးငွေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်က ပြည်ပသို့ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ တင်ပို့ရောင်းချရာ၌ ဝယ်ယူသူ/ ပစ္စည်းတင်သွင်းသူအနေဖြင့် ကျသင့်ငွေပေးချေရာတွင် ဘဏ်မှ ချေးငွေရယူ၍ပေးချေခြင်း ဖြစ်ပါကြောင်း၊ ယခုပို့ကုန်ချေးငွေမှာ ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ ခေတ်မီစက်ပစ္စည်းကိရိယာများ၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို မြန်မာနိုင်ငံမှ အစိုးရဌာန/အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများက ဝယ်ယူရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံရှိ ဘဏ်တစ်ခုခုမှ ချေးငွေရယူ၍ ပစ္စည်းဖိုးပေးချေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ကုန်လုပ်ငန်းရှင်က ဘယ်လာရုစ်သမ္မတနိုင်ငံမှ ဖြစ်ပြီး သွင်းကုန်လုပ်ငန်းရှင်က မြန်မာနိုင်ငံမှ ဖြစ်ပါကြောင်း။

ဘယ်လာရုစ် သမ္မတနိုင်ငံ၏ ပို့ကုန်ချေးငွေဖြင့် ဝယ်ယူနိုင်မည့် ပို့ကုန်ပစ္စည်း အမျိုးအစားများမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကုန်ပစ္စည်းများ၊ ကြားခံကုန်စည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ ပို့ကုန်ချေးငွေရယူရန်အတွက် ချေးငွေဆိုင်ရာ စည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလသည် အများဆုံး တစ်နှစ်ဖြစ်ပြီး ချေးငွေသက်တမ်းမှာ တစ်နှစ်မှ ငါးနှစ်အထိ ဖြစ်ပါကြောင်း၊ ချေးငွေအား ရုရှားရူဘယ် (RUB) သို့မဟုတ် ဘယ်လာရုစ်ရူဘယ် (BYN) သို့မဟုတ် တရုတ်ယွမ် (CNY) သို့မဟုတ် အမေရိကန်ဒေါ်လာ (USD) သို့မဟုတ် ယူရို (EUR) စသည့်ငွေကြေးအမျိုးအစား ငါးမျိုးဖြင့် ရယူနိုင်ပါကြောင်း၊ အတိုးနှုန်းကို ချေးငွေရယူမည့် ငွေကြေးအမျိုးအစားနှင့် ပို့ကုန်ပစ္စည်းအုပ်စုအပေါ် မူတည်၍ သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း။

ချေးငွေရယူမည့် ငွေကြေးအမျိုးအစားအလိုက် ၂၀၂၆ ခုနှစ် စက်တင်ဘာလရှိ အတိုးနှုန်းဖြင့် တွက်ချက်ကြည့်ပါက အတိုးနှုန်းများမှာ အနည်းဆုံး ၂ ဒသမ ၂၅ ရာခိုင်နှုန်းမှ အများဆုံး ၉ ဒသမ ၃၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပို့ကုန်ချေးငွေရယူရာတွင် အတိုးနှုန်းအပြင် အာမခံကြေးကိုပါ ပေးဆောင်ရမည်ဖြစ်ပြီး အာမခံကြေးမှာ ချေးငွေသက်တမ်း အနည်း၊ အများ အပေါ်မူတည်၍ ပြောင်းလဲမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ချေးငွေဆိုင်ရာမူဘောင်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးဖြစ်ရာ လွှတ်တော်က သဘောတူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး သို့ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင် တို့က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြု ပေးနိုင်ပါရန် တင်ပြသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ် ရှိပါက ပြည်ထောင်စုလွှတ်တော် ရုံးသို့ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်း အဝေး ဒုတိယနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ ၈ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

❐ မင်္ဂလာဒုံမြို့နယ်မှ

ပြတ်တောက် သွားခဲ့သော ဘယ်ဘက်လက်အား စနစ်တကျ ထိန်းသိမ်း၍ ဒဏ်ရာရရှိပြီး ၆ နာရီ အတွင်း တပ်မတော်လေယာဉ်ဖြင့် မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြတ်တောက်သွားသောဘယ်ဘက်လက်အား ပြန်လည်တွဲဆက်ကုသနိုင်ရန်အတွက် ကနဦးစမ်းသပ်စစ်ဆေးမှုများအား ပြုလုပ်ပေးခဲ့ပြီး ပထမအဆင့် ခွဲစိတ်ကုသမှုဖြစ်သော ပြန်လည်တွဲဆက်ကုသခြင်း (Replantation Surgery) ကို ဒဏ်ရာရရှိသည့် နေ့တွင်ပင် ၆ နာရီကြာ ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ယာဉ်မတော်တဆထိခိုက်မှုကြောင့် ဘယ်ဘက်ပခုံးအဆစ်မှ လုံးဝပြတ်တောက်သွားသည့်လူနာအား ပထမအကြိမ်ခွဲစိတ်ကုသပြီးနောက် တွေ့ရစဉ်။

ဆက်လက်၍ စက်တင်ဘာ ၃၀ ရက်တွင် လိုအပ်သောသွေးကြော၊ အာရုံကြောနှင့် အရိုးပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေး ကုသမှုများအား ထပ်မံပြုလုပ်ခဲ့ပြီး ဒုတိယအဆင့် ခွဲစိတ်ကုသမှုများဖြစ်သော လက်သို့ ထောက်ပံ့သော အာရုံကြောများ ခွဲစိတ်ကုသခြင်း(Brachial Plexus Surgery)၊ ပြတ်တောက်သွားသော အာရုံကြောများကို အစားထိုး တွယ်ဆက်ခြင်း (Nerve Graft Surgery)၊ အရွတ်ကြောများ ပြန်လည် တွယ်ဆက်ခြင်း (Internal Splintage) နှင့် အရေပြားအစားထိုးခြင်း (Split Skin Graft)တို့ကို ထပ်မံ၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ခွဲစိတ်ကုသချိန် ခြောက်နာရီကျော်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

လက်ရှိတွင် လူနာကလေးငယ်၏ ခွဲစိတ်ကုသမှုခံယူပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တွဲဆက်ထားသောလက်၏ သွေးလည်ပတ်မှု၊ အာရုံကြော တွယ်ဆက်ထားမှုနှင့် လက်၏ လှုပ်ရှားနိုင်မှုတို့အား ဆက်လက်ကြည့်ရှုကုသမှုများ လုပ်ဆောင်ပေးနေပြီး ပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းများ ကိုလည်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ ပြတ်တောက်သွားသောလက်အား ပြန်လည် တွဲဆက်ခြင်း ခွဲစိတ်ကုသမှုများကို တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ သွေးကြောပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူ၊ မေ့ဆေးပါရဂူ၊ ကလေးကုသမှုပါရဂူနှင့် ဓာတ်မှန်ပါရဂူများ ပါဝင်သော ကျွမ်းကျင်သူများနှင့် သူနာပြုများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်မှစတင်၍ လက်မပြတ်တောက်မှု၊ လက်ကောက်ဝတ်မှ ပြတ်တောက်မှု၊ လက်ခလယ် ပြတ်တောက်မှု စသည့် လက်ပိုင်းဆိုင်ရာ အထူးခွဲစိတ်ကုသမှု ခြောက်မျိုးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ပခုံးဆစ်မှ လုံးဝပြတ်တောက်သွားသော လက်တစ်ဖက်ကို ထပ်မံ၍ အောင်မြင်စွာခွဲစိတ်၍ ပြန်လည် တွဲဆက်ကုသနိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ပခုံးဆစ်မှ လုံးဝ ပြတ်တောက်ခြင်း ဖြစ်စဉ်မှာ ဖြစ်ပွားမှုနည်းပါးပြီး ယခုကဲ့သို့ ပြင်းထန်သော ဘယ်ဘက်ပခုံး အဆစ်မှ လက်ပြတ်တောက်သွားခြင်း(Forequarter Amputation) ကို အောင်မြင်စွာခွဲစိတ်၍ ပြန်လည် တွဲဆက်ပေးနိုင်ခြင်း (Replantation Surgery) သည် ကာယကံရှင် ကလေးငယ်နှင့် မိသားစုတို့၏ ဘဝမျှော်လင့်ချက်များ ပြန်လည် ပေးအပ်နိုင်သကဲ့သို့ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ အတွက် လည်း ဂုဏ်ယူဖွယ်ရာ သမိုင်း မှတ်တိုင်သစ်တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများကို စိန်ပန်း ရပ်ကွက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်၍ ယနေ့နံနက်ပိုင်းက ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ရာသို့ မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၅၆)**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကိုယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပစဉ်။

အစည်းအဝေးတွင် လူငယ်များအတွက် မျိုးချစ်စိတ်မြှင့်တင်ရေး၊ ချောင်းဖြောင့် တူးဖော်ပေးရေး၊ မြေငှားဂရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြီးသတ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသော လုပ်ရပ်များအပေါ် အရေးယူပေးနိုင်ရေး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး အမြန်ဆုံးတည်ဆောက်ပေးရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ပြန်လည်နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၆ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၏ **လူငယ်များအကြား မျိုးချစ်စိတ်မြှင့်တင်ရေး ကျယ်ပြန့်စွာ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် Auto Repair သင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လူငယ်များ ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ အတွက် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအထိ အသိပညာပေး ဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ၂၀၄ ကြိမ်၊ လူငယ်ဖိုရမ်တစ်ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လူငယ်စုစုပေါင်း ၄၇၁၁၉ ဦး တက်ရောက်ခဲ့ကြပါကြောင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်းစသည့် အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ Job Ready Skills Workshop & Career and Opportunity Fair အခမ်းအနားများ၊ လုပ်ငန်းခွင်အတွေ့အကြုံများရရှိစေရန် Interim ဖန်တီးဖော်ဆောင် ပေးခြင်းများ ဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ရှေ့ဆက်လက်ပြီး အထူးအလေးပေးရမည့်လူငယ်များ အသက်မွေးဝမ်းကျောင်းမှု ပညာများကို လက်လှမ်းမီ သင်ကြားနိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပံ့ဖော်ပေးခြင်း၊ သာတူညီမျှ အခွင့်အရေးနှင့် လုပ်ငန်းခွင်အတွင်း စိတ်ချလုံခြုံမှုရှိစေရေးတို့ကို မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အဖွဲ့ဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များကို ဘာသာရေးနှင့် ယဉ်ကျေးမှုအခြေပြု မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း YMBA အသင်းခွဲများ ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မစကူးသင်တန်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွင့်လှစ်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများ ကျင်းပဖြေဆိုခြင်း၊ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးဘာသာချစ်မြတ်နိုးတတ်စေရန်နှင့် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရန် အတွက် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း YMBA အသင်းကြီးများကဲ့သို့အခြားသောလူမှုရေးအသင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအလိုက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ဆောင်ရွက်လျက်ရှိပါကြောင်း။

လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆောင်ရွက်သကဲ့သို့ လမ်းမှားရောက်နေသည့် လေလွင့်လူငယ်များ မူးယစ်ဆေးစွဲလူနာများအား မူးယစ်သံသရာအတွင်း ပြန်လည်မရောက်ရှိစေရေး အတွက် တိုင်းဒေသကြီး/ပြည်နယ်များရှိ မူးယစ်ဆေးစွဲ လူငယ်များကို ပြန်လည်ထူထောင်ရေးစခန်းများဖွင့်လှစ်၍ ဆေးဖြတ်ကုသပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် သက်မွေးသင်တန်း ၄၆ ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ၄၀၀ ဦးတို့အား သင့်လျော်သည့် အလုပ်အကိုင်များရရှိရေး စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **အဝေးရောဆည်တာပေါင်အနီး ငလိုက်ချောင်းအား ချောင်းဖြောင့်တူးဖော်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆင်သေချောင်း ရေလမ်းပိုင်း(၂၀)၊ ဇီးကုန်းတံတားရေလမ်း၊ ရေလမ်းပိုင်း(၂၃)၊ ရှားစေးဖိုရေလမ်းနှင့် ရေလမ်းပိုင်း(၂၄)၊ အေးမြင့်သာယာ ရေလမ်းတို့တွင် သောင်တူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်းနှင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စု ရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ ခွင့်ပြုပါရှိပြီးဖြစ်သဖြင့် ပွင့်လင်းရာသီတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျွန်းဦးရွာ၊ စက်ရုံရွာ၊ နှမ်းတောရွာ၊ သစ်ဆိမ့်ပင်ရွာနှင့် ဇီးဖြူပင်ရွာစသည့် ကျေးရွာများရှိ ရေလမ်းပိုင်းသည် ငလိုက်ချောင်း - ဆင်သေချောင်း ရေလမ်းပိုင်း(၂၈)၊ ဆင်သေရေလမ်းတွင်ပါဝင်ပြီး နေပြည်တော်ကောင်စီ၏ ၂၀၂၇-၂၀၂၈ဘဏ္ဍာရေးနှစ်တွင် ရေကြီးရေလျှံမှု လျော့ပါးရေး ရေလမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း အလျား ၁၃၀၀ မီတာ (၄၂၆၅ ပေ)အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၀၆၉ ဒသမ ၃၀၀ သန်းအား ပထမဦးစားပေး ဆောင်ရွက်ရန် ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး အဆိုပါရေလမ်းပိုင်း ပိုမိုထိရောက်နိုင်စေရေးအတွက် ဆင်သေချောင်း ရေလမ်းပိုင်း(၂၆)၊ ရုံးပင်ဇောင်း ရေလမ်းနှင့် ရေလမ်းပိုင်း(၂၇)၊ ညောင်ပင်ကြီး ရေလမ်းတို့တွင်လည်း ရေကြီးရေလျှံမှု လျော့ပါးစေရေးအတွက် ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အလျား ၈၆၇၀ မီတာ (ပေ ၂၈၄၅၀)အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၁၉၈၈ ဒသမ ၂၀၀ သန်းအား ပထမဦးစားပေး ဆောင်ရွက်ရန် ရန်ပုံငွေလျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဥ့်ကိုင် မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဥ့်ကိုင်မြို့နယ် မြေငှားဂရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ မည်မျှကာလအတွင်း အပြီးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြေငှားဂရန် ခွင့်ပြုပေးနိုင်ရေး သက်ဆိုင်ရာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အချက်အလက်ပြည့်စုံစွာဖြင့် လျှောက်ထားလာပါက အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ပြီး လျှောက်ထား မြေနေရာသည် မြေငှားဂရန် ခွင့်ပြုထုတ်ပေးနိုင်သည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေ ဟုတ်/မဟုတ် မြေစာရင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက်ရယူခြင်း၊ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှုရှိ/မရှိ လမ်းဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့များ၏ ထောက်ခံချက်များရယူခြင်း၊ မြေနေရာတည်ရှိမှုအပေါ်မူတည်ပြီး အခြားဆက်စပ်ဌာနများ၏ သဘောထားများရယူခြင်း၊ သက်ဆိုင်ရာ ဌာနများနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းတို့ ဆောင်ရွက်ရပါကြောင်း။

ထို့နောက် မြေငှားဂရန်လျှောက်ထားသည့် မြေသည် မြေပိုင်ဆိုင်မှု ခိုင်မာသည့်အပြင် အငြင်းပွားမှုမရှိသည့် မြေနေရာများဖြစ်ပါက မြေဧရိယာ တစ်ဧကအထိကို ခရိုင်အုပ်ချုပ်ရေးမှူးက ၃၂ ရက်ဖြင့် လည်းကောင်း၊ မြေဧရိယာတစ်ဧကအထက်မှ ငါးဧကအထိကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ၄၈ ရက်ဖြင့် လည်းကောင်း၊ မြေဧရိယာငါးဧကအထက်ကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ၇၃ ရက်ဖြင့် လည်းကောင်း တည်ဆဲမြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ လူနေထိုင်ရန်အတွက် မြေငှားဂရန်လျှောက်ထားမှုများအပေါ် မြေပိုင်ဆိုင်မှု ခိုင်မာသည့်အပြင် အငြင်းပွားမှုမရှိသည့် မြေနေရာများဖြစ်ပါက တည်ဆဲမြေယာစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ကာလအတွင်း မြေငှားဂရန်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်းနှင့် စက်မှု/စီးပွား မြေငှားဂရန် လျှောက်ထားလာသည့် မြေများအား လုပ်ငန်းအမှန်တကယ် ဆောင်ရွက်နေမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံသူ/နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မှုတို့အပေါ်မူတည်ပြီး ခွင့်ပြုသည့် နည်းလမ်းများအတိုင်း အသုံးပြုပါက တည်ဆဲမြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **နိုင်ငံတော်၏အချုပ်အခြာအာဏာ ယိမ်းယိုင်စေရန်နှင့် ဂုဏ်သိက္ခာကျစေရန် လုပ်ဆောင်နေသည့် လုပ်ရပ်များအပေါ် အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ပြည်ပနိုင်ငံများတွင် ခိုလှုံ၍ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်ရန်နှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ပြုလုပ်သူများ၊ အားပေးကူညီသူများကို တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ခြင်း၊ အမှုဖွင့်လှစ်ပြီးပါက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့လာသည့် ဖမ်းဝရမ်း(နိုတီ)များကို အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ စည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်၍ တရားစွဲဆိုခံရရန် သို့မဟုတ် ပြစ်မှုဆိုင်ရာပြစ်ဒဏ်ကျခံရန် လိုအပ်နေသူတစ်ဦးနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် Interpol Red Notice ထုတ်ပြန်ခြင်း၊ တရားခံများဖမ်းဆီးပေးခြင်းတို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့သို့ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ တရားခံလွှဲပြောင်းရေးဥပဒေကို ၂၁-၇-၂၀၁၇ ရက်တွင် အတည်ပြု ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မျှ တရားခံလွှဲပြောင်းရေး သဘောတူစာချုပ်ကို နိုင်ငံတစ်ခုချင်း သီးခြားလက်မှတ်ရေးထိုး ချုပ်ဆိုထားခြင်း မရှိသော်လည်း ၁၄-၁၁-၂၀၂၅ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားခံလွှဲပြောင်းရေးစာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားပါကြောင်း၊ တရားခံလွှဲပြောင်းရေး ကိစ္စရပ်များ ပေါ်ပေါက်လာပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ တရားခံလွှဲပြောင်းရေး ဥပဒေနှင့်အညီ Case By Case ကိစ္စတစ်ခုချင်းအလိုက် သုံးသပ်ပြီး လွှဲပြောင်း/လက်ခံ ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာအား ယိမ်းယိုင်ပျက်ပြားစေရန်နှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသူများ၊ နိုင်ငံတော် အစိုးရအား ဆန့်ကျင်မှုများပြုလုပ်ပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသူများနှင့် ပြည်ပနိုင်ငံများတွင် ခိုလှုံနေသူများအား ရာဇသတ်ကြီး၊ မတရားအသင်း အက်ဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေတို့ဖြင့် အရေးယူဆောင်ရွက်ခြင်း၊ နိုင်ငံကူးလက်မှတ် ပယ်ဖျက်ခြင်း၊ အမည်မည်းစာရင်း ရေးသွင်းခြင်း၊ စောင့်ကြည့်စာရင်းရေးသွင်းခြင်းနှင့် Interpol Red Notice ထုတ်ပြန်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေဖြင့် အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး ပြောင်းရွှေ့ဖွင့်လှစ်ထားသည့် မက်မန်းမြို့သည် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သည့် အတွက် မက်မန်းခရိုင်အဆင့် ဝန်ထမ်းများ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး ဝန်ထမ်းများသည် ဝန်ထမ်းအိမ်ရာ

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

လုံလောက်မှုမရှိသဖြင့် ပြင်ပတွင် ငှားရမ်း နေထိုင်ရသောကြောင့် မြေပြင်တွင်လတ်တလောလိုအပ်နေသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁ လုံး တည်ဆောက်နိုင်ရန်၊ ဆောက်လုပ်မည့် မြေနေရာမှ တောင်သူ၃ဦး၏သီးနှံနစ်နာကြေးပေးရန်နှင့် မြေနေရာပြုပြင်ခြင်း တို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ရုံးကို နိုင်ငံတော်၏ သီးခြားရန်ပုံငွေ တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရုံး ဝန်ထမ်းများ နေထိုင်နိုင်ရန် အတွက် ဝန်ထမ်းအိမ်ရာ ၁ လုံး တည်ဆောက်ပေးရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၂၇- ၂၀၂၈ ဘဏ္ဍာရေးနှစ်ဘဏ္ဍာရန်ပုံငွေတွင် လျာထား ဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **နေရပ်စွန့်ခွာ ပြည်သူများ မိမိနေရပ်၌ နေထိုင် လုပ်ကိုင် စားသောက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များအား မည်ကဲ့သို့ ကူညီ ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ယာယီနေရပ်စွန့်ခွာပြည်သူများ ၎င်းတို့နေရပ်သို့ စိတ်အေးချမ်းသာစွာ သွားလာနေထိုင် လုပ်ကိုင် စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေရှင်းလင်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊အကြမ်းဖက်နှိမ်နင်း ရေးလုပ်ငန်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ရှင်းလင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေဘိုခရိုင်အတွင်း နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး အတွက် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့များနှင့် ပူးပေါင်း၍ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရှိလာပါက ယာယီနေရပ်စွန့်ခွာ ပြည်သူများ ၎င်းတို့၏နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက် နေထိုင်စေပြီး အေးချမ်းလုံခြုံစွာ သွားလာနေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ကျောင်းနေအရွယ် ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ပေးပို့သော **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်(၂)ချက်ကို ဥပဒေကြမ်း ကော်မတီဝင်က ရှင်းလင်းတင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အဆိုပါနည်းဥပဒေများ နှင့်စပ်လျဉ်း၍ နည်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အတည်ပြုချက် ရာယူရာ လွှတ်တော်က သဘောတူသည့်အတွက် နည်းဥပဒေတစ်ရပ်လုံးကို အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို အောက်တိုဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၆

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံတပ်နယ် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။(ယာပုံ)

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

၁၀၀





# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၆

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူး၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့တွင် မဟာအောင်မြေမြို့နယ်ရှိ မူလွန်(၁၄)၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စုံစမ်းရေးမှူး ဦးအောင်မျိုးထိုက်က မူလတန်းကျောင်းသား၊ ကျောင်းသူများ နားလည်လွယ်ကူစေရန် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်၊ ဆိုးကျိုးများနှင့် နေ့စဉ်ဘဝတွင် ရိုးသားဖြောင့်မတ်စွာ နေထိုင်လိုက်နာသင့်သည့် အချက်များကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့မူက အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပို့ချသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ကျောင်းအုပ်ကြီး ဦးဇော်နိုင်ဦးက ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲ ကျင်းပပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မူလွန်(၁၄)မှ မူလတန်းအဆင့် ဆရာ၊ ဆရာမငါးဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၁ဦး၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမလေးဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၅၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ရ)**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၆

မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်နှင့် ကျောင်းသား ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်း ပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။၎င်းနောက်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

သတင်းစဉ်



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၆

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း၏ ၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)နှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ တပ်ဖွဲ့ဖွဲ့စည်းခြင်း ၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် Recreation Center ဖွင့်ပွဲကို ကျင်းပပြုလုပ်ရာ ဦးစွာ တာဝန်ရှိသူတစ်ဦးက အဆိုပါ အဆောက်အအုံ တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က Recreation Center အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ကမ်းခြေစောင့်တပ်ဖွဲ့ တည်ထောင်ခြင်း ၅ နှစ်ပြည့် အထိမ်းအမှတ် တပ်နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများအား တာဝန်ခံစီမံကွပ်ကဲ ဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော်(ရေ)အား အထောက်အကူပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အင်္ဂါပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မကမ်းခြေ ကမ်းရိုးတန်းမှ သီးသန့် စီးပွားရေးဇုန်အထိ ရေပြင်၊ ဝေဟင်နှစ်ရပ်စလုံးမှ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ ဖြစ်လာရမည်ဆိုသည့် မျှော်မှန်းချက်အမြင်ဖြင့် တည်ထောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့ မြန်မာ့ပင်လယ်ပြင်သည် နိုင်ငံတော်၏ ကုန်သွယ်ရေး National Trade အတွက် အရေးပါသည့် အသက်သွေးကြောဖြစ်သကဲ့သို့ အင်ဒို-ပစိဖိတ် ဒေသနှင့် အိန္ဒိယသမုဒ္ဒရာ၊ အရှေ့တောင်အာရှနှင့် တောင်အာရှ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီးများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့ကို ဆက်သွယ်ပေးထားသည့် ပထဝီနိုင်ငံရေး ပေါင်းကူးဆက်စပ်ရပ်ဝန်းလည်းဖြစ်ကြောင်း။

ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်လျက် ရှိကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများတွင် ပင်လယ်ရေကြောင်းကဏ္ဍများနှင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများလည်း အများအပြား ပါဝင်လျက်ရှိကြောင်း။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကမ်းခြေစောင့်တပ်ဖွဲ့ (၅)နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

ပင်လယ်ရေကြောင်း ဆိုင်ရာကိစ္စရပ်များသည် ကျယ်ပြန့်နက်နဲသည့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ဥပဒေကြောင်းဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာစံနှုန်းဆိုင်ရာ ကိစ္စရပ်များ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ဆက်နွှယ်နေသည် ကိုလည်း သတိပြုကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ မူလစွမ်းရည် Maritime Potential ကို ထိရောက်စွာ အသုံးချနိုင်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ ကဏ္ဍများတွင် နိုင်ငံတော်၏ ပုံရိပ်ကောင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်းအကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် ပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းအပြင် ပင်လယ်ရေကြောင်း လုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး စသည့် တာဝန်များကိုလည်း ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ယင်းတာဝန်များသည် တပ်ဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် သတ်မှတ်ပေးထားသည့် တပ်ဖွဲ့၏ စွမ်းရည်များပင်ဖြစ်ကြောင်း။

မြန်မာ့ပင်လယ်ပြင် အတွင်း ရေလုပ်သားနှင့် ရေကြောင်းသွားလာသူများကို အကာအကွယ်ပေးရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာအကူအညီပေးရေး၊ တရားမဝင်မှောင်ခိုလုပ်ငန်းနှင့် အကောက်အခွန်မဲ့ပစ္စည်း တားဆီးကာကွယ်ရေး၊ ပင်လယ်ဓားပြ တားဆီးကာကွယ်ရေး၊ လူမှောင်ခို၊ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းမှောင်ခို တားဆီးကာကွယ်ရေး တာဝန်များအပြင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်း ထိန်းချုပ်နေရာ ကာကွယ်ရေး (Choke Point Control)နှင့် သံတမန်ရေး တာဝန်များကို တပ်မတော်(ရေ)၊ ရေကြောင်းရဲတပ်ဖွဲ့များနှင့် ဟန်ချက်ညီစွာ လက်တွဲ ဖော်ဆောင်သွားကြရန် လိုကြောင်း။

ကမ်းခြေစောင့် တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များကို ထိုကဏ္ဍများတွင် လက်တွေ့ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ စေလွှတ်ပြီး သင်ကြား လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များတွင်ရှိသင့်သည့် စွမ်းရည်မြင့်မားမှု၊ နိုင်ငံတကာသုံးဘာသာစကားဆိုင်ရာ ကျွမ်းကျင်မှုနှင့် ပင်လယ်ရေကြောင်း ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများရှိအောင် ကြိုးစားသင်ယူနေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကမ်းလွန်ကင်းလှည့်ရေယာဉ်များ၊ အမြန်သွားကင်းလှည့် ရေယာဉ်များနှင့် ရေယာဉ်ငယ်များကို ဖြည့်တင်းပေးလျက်ရှိကြောင်း။

မြန်မာ့ပင်လယ် ရေကြောင်း အကျိုးစီးပွားများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေနှင့်အညီ ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့်အညီ တည်ကြည်ဖြောင့်မတ်ခိုင်မာစွာ မြန်မာ့ပင်လယ်ရေကြောင်း အကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများနှင့် အဏ္ဏဝါဂေဟစနစ်နှင့် သယံဇာတများကို ဂရုတစိုက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်မှသာ "Good Order at Sea" "ပင်လယ်ပြင် ငြိမ်ဝပ်ပိပြားမှု စနစ်တကျရှိစေရေး" ဆိုသည့် တပ်ဖွဲ့၏ စွမ်းဆောင်ရည် လုပ်ငန်းတာဝန်ကိုလည်း ကျေပွန်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းနိုင်ငံများ၏ စီရင်ပိုင်ခွင့်အာဏာအတွက် အရေးပါသည့် နိုင်ငံတော်က သဘောတူလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းဥပဒေ၊ ကွန်ဗင်းရှင်းများနှင့် နောက်ဆက်တွဲစာချုပ်များကိုလည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကာ "Good Governance at Sea" ဆိုသည့် "ပင်လယ်ပြင်မှာ ကောင်းမွန်တရားမျှတသော ဥပဒေစိုးမိုးစေရေး" တာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်ဖွဲ့ဝင်များအနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့၏ ရည်ရွယ်ချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရာတွင် နိုင်ငံတော်၏ ပင်လယ်ရေကြောင်းအကျိုးစီးပွားနှင့် ရေကြောင်းသယံဇာတများ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပင်လယ်ရေကြောင်း အဆောက်အအုံများနှင့် ပင်လယ်ပြာစီးပွားရေး လုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများတွင် ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ပိုင်ခွင့် တည်တံ့ခိုင်မြဲရေးကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် စွမ်းရည်ထက်မြက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားပြီး နိုင်ငံတကာ ကမ်းခြေစောင့် တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစား ဆောင်ရွက်ကြရန် လိုကြောင်း၊ ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကျယ်ဝန်းသည့် မြန်မာ့ရေပြင်နယ်နိမိတ်တစ်လျှောက် အချိန်မရွေး နေရာမရွေး ပေါ်ပေါက်လာနိုင်သည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုတိုင်းကို တားဆီး ကာကွယ်နိုင်စွမ်းရှိပြီး မြန်မာ့ပင်လယ်ပြင်ကို လုံခြုံဘေးကင်းသည့် ပင်လယ်ပြင်၊ တည်ငြိမ်အေးချမ်းသည့် ပင်လယ်ပြင်၊ သန့်ရှင်းသည့် ပင်လယ်ပြင်၊ ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသည့် ပင်လယ်ပြင်တစ်ခုဖြစ်အောင် ကြိုးပမ်းတည်ဆောက် သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ၾငင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ပတ်သက်သည့် အထိမ်းအမှတ် မှတ်တမ်း video ကို ကြည့်ရှုကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဆိုင်ခန်းများနှင့် ရှာဖွေကယ်ဆယ်ရေး ရေယာဉ်တို့အား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များအား ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်ရုံး အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ စွမ်းရည်များ၊ ရည်မှန်းချက် တာဝန်များအပေါ် လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ချက်ကြီးမားစွာ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ယခုထက် ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတကာဆက်ဆံရေး ဆိုင်ရာများကို တပ်ဖွဲ့ဝင်များ နားလည်သိရှိစေရန် လိုကြောင်း၊ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားစေရေး အတွက်လည်း သင်တန်းများ ရွေးချယ်စေလွှတ် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ဖွဲ့များ၏ လုပ်ငန်းတာဝန်များသည် မတူကွဲပြားသည့်အတွက် တပ်ဖွဲ့များ အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှု ဌာနချုပ်ဝင်းအတွင်း မိသားစုများသက်သာချောင်ချိရေး အတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ ၁၀၀

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဒေသအလိုက်၊ ကျောင်းအလိုက် သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မှာကြား



နေပြည်တော် အောက်တိုဘာ ၆

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အတွက် ဒေသအလိုက်၊ ကျောင်းအလိုက် သင်ကြားရေးဆိုင်ရာ အရည်အသွေးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့နံနက်ပိုင်းတွင် ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာဆရာမများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားသင်ယူနေမှု၊ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဘိုကလေးမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း(အောက်ပိုင်း)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (စံကျောင်းပိုင်း-မြို့မ (၄) ရပ်ကွက်)၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း (လေ့ကျင့်ရေး)၊ ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ကျိုက်လတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဘိုကလေးပညာရေးဒီဂရီကောလိပ်ရှိ ပညာဂုဏ်ရည်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ပညာရေးဒီဂရီကောလိပ်ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမိသားစုများအားလုံး ညီညီညွတ်ညွတ်လက်တွဲ၍ ပညာရေးအရည်အသွေးတိုးတက်မြင့်မားအောင် ကြိုးစားမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့၏ သင်ကြားရေး၊ စီမံရေးဆိုင်ရာလုပ်ငန်းများ အရည်အသွေးတိုးတက်အောင် အမြဲမပြတ် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းသား ကျောင်းသူတိုင်း အနည်းဆုံး KG+9 (အခြေခံပညာမူလတန်းမှ အလယ်တန်းအဆင့်ထိ)ပြီးမြောက်ရေးကိုအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဒေသဖြစ်၍ KG+9 ပြီးမြောက်သည့်ကျောင်းသား ကျောင်းသူများအား အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် ပညာရပ်များ ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် စိတ်ဝင်စားအောင် လမ်းညွှန်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသည့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် မအူပင်တက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဘာသာရပ်အလိုက် သင်ကြားသင်ယူမှုနှင့် သုတေသနလုပ်ငန်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ အဝေးသင်တက္ကသိုလ် အရည်အသွေး မြှင့်တင်ဆောင်ရွက်ရေး၊ ထူးချွန်အားကစားသမား မွေးထုတ်ပေးနိုင်ရေးနှင့် တက္ကသိုလ်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ ကျောင်းအတွင်း တည်ဆောက်ရေး၊ သင်ကြားရေးနှင့် စီမံရေးဆိုင်ရာ အရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ကျောင်းအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/ ၂၀၂၆)

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများမှ အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ရေယာဉ်၊ လေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး အောက်တိုဘာလတွင် နိုင်ငံတော်၏ ညှိနှိုင်းချက်ဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသို့ ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ (၁၄၇၆) ဦးအား မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ကျန်းမာရေးနှင့် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၃ တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်" ဟု ဖော်ပြထားပြီး အပိုဒ် ၁၃၊ အပိုဒ်ခွဲ (၂) တွင် "လူတိုင်းတွင် မိမိ၏နိုင်ငံအပါအဝင် မည်သည့်နိုင်ငံမှမဆို ထွက်ခွာပိုင်ခွင့်နှင့် မိမိ၏နိုင်ငံသို့ ပြန်လာပိုင်ခွင့်ရှိသည်" ဟု အတိအလင်း ဖော်ပြထားသည့်အတိုင်း ပြည်ပရောက်နိုင်ငံသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးဒုက္ခနှင့် အခက်အခဲများမှ ကင်းလွတ်စေရန် နိုင်ငံတော်အနေဖြင့် အကာအကွယ်ပေးခြင်းနှင့် နေရပ်ပြန်ခွင့်ကို လက်တွေ့ကျကျ ဖော်ဆောင်ပေးခြင်းသည် လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော လုပ်ဆောင်ချက် ဖြစ်ပါသည်။

၃။ နိုင်ငံသားတိုင်းဥပဒေအရ အကာအကွယ်ရရှိစေရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပြည့်ဝစွာရရှိစေရေးနှင့် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နေရပ်သို့ ပြန်လည်ခေါ်ဆောင်သည့် လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုထောက်ခံပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်



❂ ၂၀၂၆ ခုနှစ်မှ

၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ အမျိုးသား/ အမျိုးသမီး မီတာ- ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၀၀ (၄)ယောက် လက်ဆင့်ကမ်းပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသမီး(၇)မျိုးစုံ(၅)အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး(၇)မျိုးစုံ(၇)မီတာ-၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ-၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲများကို လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁) လေ့ကျင့်ရေးကွင်း၌ အမျိုးသား/အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး (၇)မျိုးစုံ(၆)လှံတံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(A)၌ အမျိုးသား/ အမျိုးသမီးကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီး ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော် အားကစားရုံ(B)၌ အမျိုးသား /အမျိုးသမီးကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(က)တန်း၊ အမျိုးသား ပန်ကြပ်ဆီလပ်အတိုက်(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသားဓားနှစ်လက်အတိုက်(ခ)တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်(ခ)တန်း၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အသက်(၂၅)နှစ်အောက် (၃)ယောက်တွဲ အဖွဲ့လိုက် အုပ်စုပွဲစဉ်များ၊ ရှုံးထွက်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို လည်းကောင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု အသင်းအား နှစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဇေယျာသီရိ အမှတ်(၁)လေ့ကျင့်ရေးကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဦးနေမျိုးလှိုင်၊ ဒေါ်စန်းစန်းနွယ်၊ ဦးရဲတင့်၊ ဒေါက်တာသန့်ဇော်လွင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပြေးခုန်ပစ်အားကစားနည်း ပြန်လည်ဦးမော့လာစေရေးနှင့် ခါးဆက်မပြတ်စေရေးအတွက် သက်တမ်းအလိုက် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး မြန်မာပြည်တစ်ဝန်းလုံးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အခြေခံပညာကျောင်းများတွင် ပြေးခုန်ပစ်အားကစားနည်းကို စိတ်ပါဝင်စားလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားကဏ္ဍကို အစွမ်းကုန် အားပေးချီးမြှောက်နေသည့်အချိန်တွင် အားကစားသမားများအနေဖြင့် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများကို နှုတ်ဆက်အားပေးပြီး ပြိုင်ပွဲတွင် ပါဝင်ကူညီအားပေးဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း ပေးအပ်ကာ ပြေးခုန်ပစ်အားကစားသမားများ ပြိုင်ပွဲ အမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် သတင်းပေးတိုင်ကြားချက်အရ အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ လိပ်စာသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းမှ ရှာဖွေတွေ့ရှိရသော အောက်ဖော်ပြပါ ဆေးဝါးနမူနာများဖြစ်သည့် ဆေးတောင့်/ဆေးထုပ်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်း၊ အနောက်တိုင်းဆေးဝါးများ (Diclofenac and Dexamethasone) ရောနှောထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အောင်ပန်း ဆရာတော် သောက်တဲ့ဆေး သက်သေခံမှတ်(က) | ဒူးနာ ခါးနာပျောက် | ဆေးတောင့်/ထုပ် | အောင်ပန်းဘုန်းကြီးကျောင်းတိုက်၊ အမှတ်(၃၄)၊ ရေတာရှည်လမ်းဟောင်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ | Diclofenac and Dexamethasone |
| ၂။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ခ) | | ဆေးတောင့်/ထုပ် | | |
| ၃။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဃ) | | ဆေးတောင့်/ထုပ် | | |
| ၄။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ သက်သေခံအမှတ်(ဂ) | | ဆေးမှုန့်/ထုပ် | | မှတ်ပုံတင်ထားခြင်းမရှိ |



ဆေးထုပ်နမူနာ သက်သေခံအမှတ်(က)



ဆေးထုပ်နမူနာ သက်သေခံအမှတ်(ခ)



ဆေးထုပ်နမူနာ သက်သေခံအမှတ်(ဂ)



ဆေးထုပ်နမူနာ သက်သေခံအမှတ်(ဃ)

Diclofenac နှင့် Dexamethasone ရောနှောသည့် ဆေးထုပ်နမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တားပြ ခြောက်ဦး ဝင်တိုက်သွားသည်ဆိုတဲ့ တိုင်ကြားချက်စစ်ဆေးရာ ငွေနှင့် ဖုန်းများကို ကိုယ်တိုင်ဖွက်ထားမှု ပေါ်ပေါက်

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကုန်းတန်းကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ဓားပြတိုက်ခံရသည်ဟု တိုင်ကြားထားမှုကို စစ်ဆေးရာ ဓားပြတိုက်ခံရခြင်းမရှိဘဲ ငွေကြေးနှင့် ပစ္စည်းများကို ကိုယ်တိုင်ဖွက်ထားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်ဟု သိရသည်။

တိုင်ကြားချက်အရ အမည်မသိ အမျိုးသား ခြောက်ဦးက သေနတ်နှင့် ဓားများကိုင်ဆောင်ကာ နေအိမ်အတွင်း ဝင်ရောက်ပြီး ငွေကျပ် သိန်း ၁၅၀ တောင်းခံခဲ့ကြောင်း၊ ထို့နောက် သံပြားဖြင့်ပြုလုပ်ထားသည့် ဗီရိုကို တူဖြင့်ရိုက်ဖွင့်ကာ ငွေကျပ်သိန်း ၁၀၀၊ ဖုန်းနှစ်လုံးနှင့် နားကပ် တစ်ရန်တို့ ယူဆောင်သွားကြောင်း တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ယင်းတိုင်ကြားချက်အရ တာဝန်ရှိသူများက နေအိမ်သို့ သွားရောက်စစ်ဆေးပြီး အိမ်အကူဖြစ်သူအား မေးမြန်းစစ်ဆေးရာ အိမ်ရှင်ဖြစ်သူမှာ အထည်ဖိုး အကြွေးငွေကျပ် ၄၅သိန်းပေးရန်ရှိသဖြင့် ဓားပြတိုက်ခံရသည်ဟု တိုင်ကြားထားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။

ဆက်လက်စစ်ဆေးရာ ဓားပြတိုက်ခံရသည်ဟု တိုင်ကြားထားသည့် ငွေကျပ်သိန်း ၁၀၀နှင့် ဖုန်းနှစ်လုံးကို နေအိမ်အရှေ့တောင်ဘက်ကိုက် ၂၀၀ခန့်အကွာရှိ အဆောင်တစ်ခုအတွင်း အဝတ်ပုံးထဲမှလည်းကောင်း၊ နားကပ် တစ်ရန်ကို နေအိမ်ဧည့်ခန်းရှိ ကန်တော့ပွဲအောက်မှလည်းကောင်း ပြန်လည်တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဓားပြတိုက်ခံရခြင်းမရှိဘဲ လက်နက်ကိုင်အမျိုးသား ခြောက်ဦးက ငွေကြေးနှင့် ပစ္စည်းများ ယူဆောင်သွားကြောင်း တိုင်ကြားခဲ့သည့် အမျိုးသမီး နှစ်ဦးအား ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ **ကျော်ဇေယျ**



## မြစိမ်းရောင်ကျေးရွာ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**အောင်လံ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနရုံး၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ သုံးသပ်ဆွေးနွေးရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလည်ပတ်မှု အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြပြီး မြို့နယ်စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်စိစစ်သုံးသပ်ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဆောင်ရွက်သော ကျေးရွာခြောက်ရွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်သော ကျေးရွာ ၃၅ ရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့သည်။ **အထွေး**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား ဒုတိယပိုင်းအနေဖြင့် စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအနက် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကို ယနေ့တွင် ဒုတိယပိုင်းအနေဖြင့် စတင်ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။



ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဒုတိယပိုင်းအနေဖြင့် ဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး သတင်းကွင်းဆက်များ ရယူအစီအမံများရေးဆွဲ၍ အသေးစိတ်ဝင်ရောက်ရှင်းလင်းခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ တရားမဝင်အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ ၆၃၅ လုံးအား ရှာဖွေဖော်ထုတ် ဝင်ရောက်ရှင်းလင်းနိုင်ခဲ့ပြီး ယင်းဒေသတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝပြန်လည်အခြေမချနိုင်စေရေးအတွက် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အပိုင်း(၁၊ ၂၊ ၃) သတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် ရာနှုန်းပြည့် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းကိုလည်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ ဖြိုချဖျက်ဆီးမည့် အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံ

မဖြိုဖျက်မီ





အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၄၀ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့အား ချိတ်ပိတ်၍ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးအား ဇူလိုင်လ ၂၆ ရက်နေ့တွင် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံအမျိုးအစားများမှ ၅ ထပ် အဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၄၀ လုံးအနက် ၇၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်၍ ယခုဖြိုချဖျက်ဆီးဆဲ ၁ လုံးနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် အဆောက် အအုံ ၆၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ စနစ်တကျ အစီအစဉ်ချ၍ အပြီးတိုင် အမြစ်ပြတ်ရှင်းလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အလှမ်းဝေးသော နယ်စပ်ဒေသများတွင် အခြေပြုခိုအောင်းလုပ်ကိုင်နေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းထန်ထိရောက်စွာ ဖမ်းဆီးအရေးယူ၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံအား ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှု





ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံအား ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှု






❖ နိုင်ငံ့ဂုဏ်ဆောင်မှ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုင်ချီ-နာဂိုယာမြို့ရှိ (Nagoya City Higashi Sports Center)၌ ကျင်းပခဲ့သည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် E-Sports အသင်းသည် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ E-Sports အမျိုးသားအသင်းပြိုင်ပွဲတွင် မျိုးမြင့်ကိုကိုကျော်၊ ဟိန်းထက်ဦး၊ ကျော်သူရ၊ ဟန်ထူးဆွေ၊ ရှိုင်းလင်းအောင်တို့က ရွှေတံဆိပ်ဆုတစ်ခု မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် E-Sports အသင်းသည် အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင် အနိုင်ယူကျော်ဖြတ်၍ (Semi Final Stage) အကြို ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာ E-Sports အသင်းသည် မလေးရှားအသင်းကို ရလဒ်(၂)ပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော (Grand Final) ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ E-Sports အသင်းသည် (Grand Final) ဗိုလ်လုပွဲ ပွဲစဉ်တွင် (Best of Seven) ပွဲငယ်(၇)ပွဲ ယှဉ်ပြိုင်ရာတွင် (၄) ပွဲအနိုင်ရရှိမည့်အသင်းသည် ပထမဆုရရှိမည်ဖြစ်သည့်အတွက် မြန်မာ E-Sports အသင်းသည် Game-1 မှ Game-4 အထိ အမှားအယွင်းနည်းစွာဖြင့် ရှုံးပွဲမရှိ အကောင်းဆုံးယှဉ်ပြိုင်၍ အင်ဒိုနီးရှားအသင်းကို ၄ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံအဖြစ် ပထမရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် အောင်မြင်စွာ ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang(MLBB) ပြိုင်ပွဲတွင် မြန်မာ E-Sports အားကစားနည်း၏ သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။

အဆိုပါ အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB) ပြိုင်ပွဲတွင် ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် ပူးတွဲတတိယဆုကို မွန်ဂိုလီးယားအသင်းတို့ကလည်းကောင်း ရရှိခဲ့သည်။

မြန်မာ E-Sports အသင်းမှ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ E-Sports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် မြန်မာ E-Sports အားကစားနည်းအတွက် ပထမဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ယခုအောင်မြင်မှုသည် မြန်မာ့ E-Sports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် E-Sports အားကစားသမားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေရုံသာမက ပြိုင်ပွဲဝင်နိုင်ငံများ၏ နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာသီဆို၍ နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏အလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ဓာတ်ခွန်အားများစွာ ရရှိစေခဲ့သော အောင်မြင်မှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းရေးအတွက် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ထိရောက်စွာဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကိုဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များပေးအပ်ပြီး ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ရာသီဥတုဆိုင်ရာ အခြေအနေများကို ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက စီမံချက်များနှင့်ပတ်သက်၍ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများ ရေးဆွဲသတ်မှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် Zoom Meeting ဖြင့် တက်ရောက်ကြသူများ၏ ဆွေးနွေးတင်ပြချက်များနှင့် ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု၊ အခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်း အခမ်းအနားကျင်းပ






**မန္တလေး အောက်တိုဘာ ၆**

၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူလူထု၏ မျက်စိကျန်းမာရေးကို ပိုမိုမြှင့်တင်နိုင်ရန် ရည်ရွယ်၍ အခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ ရွှေအလင်းရောင်(ရိုတို) မျက်စိအထူးကုဆေးရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး)နှင့်ခုတင် ၅၀ ဆံ့ စဉ့်ကိုင်မြို့နယ် မျက်စိဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ရွှေအလင်းရောင်(ရိုတို) မျက်စိအထူးကုဆေးရုံမှ တာဝန်ရှိသူများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ မျက်စိဝေဒနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူလူထု၏ ကျန်းမာရေးနှင့်လူနေမှုဘဝအရည်အသွေးပိုမိုကောင်းမွန်လာစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် မျက်စိကျန်းမာရေး၏ အရေးပါမှုကို ပြည်သူလူထုပိုမိုသိရှိနားလည်လာစေရန်၊ မျက်စိအမြင်အာရုံဆုံးရှုံးမှုကို ကြိုတင်ကာကွယ်နိုင်ရန် အားလုံးပိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလင်းရောင်(ရိုတို)မျက်စိအထူးကုဆေးရုံမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာရွှေက ကျေးဇူးတင်စကားကို ပြောကြားပြီးနောက် ပါမောက္ခ ဒေါက်တာ သန်းထွန်းအောင်က မျက်စိကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး(မန္တလေး)နှင့် ခုတင် ၅၀ဆံ့ စဉ့်ကိုင်မြို့နယ် မျက်စိဆေးရုံကြီးအတွက် အလှူငွေများကို အလင်းရောင်(ရိုတို)မျက်စိအထူးကုဆေးရုံမှ တာဝန်ရှိသူက ဆေးရုံအုပ်ကြီးများထံသို့ လှူဒါန်းပေးအပ်ရာ ဆေးရုံအုပ်ကြီးများက ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် အလင်းရောင်(ရိုတို)မျက်စိအထူးကုဆေးရုံတွင် ခေတ်မီစက်ကိရိယာများဖြင့် ကျွမ်းကျင်မျက်စိအထူးကု ဆရာဝန်ကြီးများမှအခမဲ့မျက်စိစမ်းသပ်စစ်ဆေးပေးမည့် မျက်စိဝေဒနာရှင်များအား နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(နဝမနေ့)သို့ ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ

**မန္တလေး အောက်တိုဘာ ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး(နဝမနေ့) ကျင်းပနေမှုကို မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ ဦးဆောင်သော ကျောင်းသား၊ ကျောင်းသူ လေ့လာသူ ၁၀၀ ဦး လာရောက်လေ့လာခဲ့ကြသည်။

လေ့လာသူများသည် လွှတ်တော်အစည်းအဝေးကျင်းပနေမှုနှင့် လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လွှတ်တော်အစည်းအဝေးကျင်းပသည့် ခန်းမအတွင်း ဆွေးနွေးဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်၏ ဖွဲ့စည်းပုံ၊ လွှတ်တော်အစည်းအဝေးများ ကျင်းပဆောင်ရွက်ပုံနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်ရေးရာဆောင်ရွက်မှုများကို သိရှိလေ့လာနိုင်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-စ)

၀-၀-၀-၀-၀



သင့်သွေးဖြင့် အသက်ကယ်ပါ။

# DEMU ရထားလက်မှတ် ကုန်သည်အထိ ခရီးသည်စီးနင်းမှုများပြား



**မန္တလေး အောက်တိုဘာ ၆**

ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းတွင် ခေတ်မီလေအေးပေးစက်ပါ DE-MU လူစီးအမြန်ရထားများကို ခရီးသည်များ လက်မှတ်ကုန်သည်အထိ စီးနင်းမှုများပြားနေကြောင်း သိရသည်။

ခရီးသည်များ စီးနင်းမှုများပြားလာသည့်အတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးထားပြီး ခရီးသွားပြည်သူများအနေဖြင့် လက်မှတ်များကို ကြိုတင်ဝယ်ယူရန် လိုအပ်နေကြောင်း သိရသည်။

"ရထားလက်မှတ်က အွန်လိုင်းကနေတောင် တော်တော်နဲ့ ဝယ်မရတာများတယ်။ လက်မှတ်ကုန်တာမြန်တယ်။ စီးရတာလည်း အဆင်ပြေတယ်။ အချိန်ကလည်းမှန်တော့ ကားထက်ပိုအဆင်ပြေတယ်။ လက်မှတ်ကိုတော့ သတ်မှတ်ရက်ထက် ကြိုဖြတ်ဖို့လိုတယ်"ဟု ရထားစီးခရီးသည်တစ်ဦးက ပြောသည်။

မြန်မာ့မီးရထားသည် ၂၀၂၆ ခုနှစ်၊ မေလမှစတင်၍ ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် DEMU အမြန်ရထားများ ပြေးဆွဲပေးခဲ့ပြီး ခရီးသည်စီးနင်းမှုများပြားလာသည့်အတွက် ဖွန် ၁ရက်မှစတင်ကာ အမှတ်(၉)အဆန်နှင့် အမှတ်(၁၀)အစုန်ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးခဲ့သည်။ (ဓါတ်ပုံ)

ရထားလက်မှတ်များကို Online Railways Ticketing and Payment (ORTP) စနစ်မှတစ်ဆင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစမှ အဆုံးအထိ စီးနင်းမည့်ခရီးသည်များအတွက် ခုနစ်ရက် ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများမှ စီးနင်းမည့်ခရီးသည်များအတွက် ငါးရက်ကြိုတင်၍လည်းကောင်း လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



# မြန်မာပေါ်ဆန်းဆန် ဈေးတည်ငြိမ်ရေး ဆန်ရောင်းဝယ်သူများလိုက်နာရန် စည်းကမ်းထုတ်ပြန်

**မန္တလေး အောက်တိုဘာ ၆**

မြန်မာ့ပေါ်ဆန်းဆန် ဈေးနှုန်းတည်ငြိမ်စေရေးနှင့် နိုင်ငံတကာဈေးကွက်သို့ ဆန်တင်ပို့မှုတိုးမြှင့်နိုင်ရေးအတွက် ဆန်ရောင်းဝယ်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက ကြေညာချက်အမှတ်(၂/၂၀၂၆)ဖြင့် အောက်တိုဘာ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

စည်းကမ်းချက်များအရ ဆန်စပါးကုန်စည်ဒိုင်များတွင် ဆန်ရောင်းဝယ်သူများအနေဖြင့် ဆန်စီးဝင်၊ စီးထွက်စာရင်းများကို သတ်မှတ်ပုံစံဖြင့် ဖြည့်သွင်းကာ ကုန်စည်ဒိုင်သို့ နေ့စဉ်တင်ပြရမည်ဖြစ်ပြီး MyRo သိုလှောင်ရုံ မှတ်ပုံတင်စနစ်မှတစ်ဆင့် သိုလှောင်ထားသည့် ဆန်ပမာဏများကိုလည်း သတ်မှတ်ချက်များနှင့်အညီ အချိန်နှင့်တစ်ပြေးညီ စာရင်းသွင်းရမည်ဖြစ်သည်။

ထို့အပြင် ဆန်ဈေးနှုန်းမြင့်တက်စေရန် ရည်ရွယ်သည့် ပုံမှန်ရောင်းဝယ်မှုပုံစံမဟုတ်သော အရောင်းအဝယ်များနှင့် စည်းကမ်းချက်များကို မလိုက်နာဘဲ ကုန်စည်ဒိုင်နယ်နိမိတ်အတွင်း၊ အပြင်တို့တွင် ဆန်အကျိုးဆောင်(ပွဲစား)အဆင့်ဆင့်ဖြင့် ရောင်းဝယ်ခြင်းများကို ရှောင်ကြဉ်ရန် အသင်းက အသိပေးထားသည်။

ဆန်ရောင်းဝယ်သူများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများနှင့် စည်းကမ်းချက်များကို ပူးပေါင်းလိုက်နာဆောင်ရွက်ကြရန်လည်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက တိုက်တွန်းထားသည်။

**(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၆)**





# လျှော်ဖြူကို ပြည်တွင်းဈေးကွက်တွင် အားထားနေရ

**မန္တလေး အောက်တိုဘာ ၆**

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် 'ဆေးကုလားမ' ဟု လူသိများသော လျှော်ဖြူစေးသည် ယခင်က တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း လက်ရှိတွင် ပြည်တွင်းဈေးကွက်ကိုသာ အားထားနေရကြောင်း သိရသည်။

လျှော်ဖြူစေးသည် တိုင်းရင်းဆေးဝါး၊ အလှကုန်နှင့် အစားအသောက်ထုတ်ကုန်များတွင် အသုံးပြုနိုင်သည့် သဘာဝကုန်ကြမ်းတစ်မျိုးဖြစ်ပြီး ယခင်က တရုတ်နိုင်ငံသည် အဓိကဝယ်ယူသည့် ဈေးကွက်တစ်ခုဖြစ်ခဲ့သည်။ ကုန်သွယ်ရေးဦးစီးဌာနစာရင်းများအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လျှော်ဖြူစေး ၁၂ ဒသမ ၅၂၅ တန်ကို ကုမ္ပဏီနှစ်ခုက တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။

ပြည်ပဈေးကွက်ကောင်းမွန်ခဲ့သည့်ကာလတွင် လျှော်ဖြူစေး၏ ဈေးနှုန်းမှာလည်းမြင့်မားခဲ့ပြီး ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ မဖြစ်ပွားမီကာလတွင် ကြာဆံအမျှင် တစ်ပိဿာလျှင် ငွေကျပ် ၁၂၀,၀၀၀၊ ရေခဲသားတစ်ပိဿာလျှင် ငွေကျပ် ၈၅,၀၀၀နှင့် ပုံမှန်အစ တစ်ပိဿာလျှင် ငွေကျပ် ၆၅,၀၀၀ ခန့်အထိ ရရှိခဲ့သည်။ လက်ရှိတွင်မူ ပြည်ပဝယ်လက်လမ်းကြောင်း နည်းပါးလာခြင်းကြောင့် တစ်ပိဿာလျှင်ငွေကျပ် ၇,၀၀၀ ဝန်းကျင်သာ ရရှိနေသည်။

လျှော်ဖြူစေးထုတ်လုပ်သည့် တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်ကိုသာ အားထားရောင်းချနေရပြီး ဈေးနှုန်းကျဆင်းမှုနှင့် ဝယ်လိုအားနည်းပါးမှုတို့ကို ရင်ဆိုင်နေရကြောင်း၊ လျှော်ဖြူသည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် စိုက်ပျိုးထားသည့် အပင်များကို ချက်ချင်းဖယ်ရှားပြီး အခြားသီးနှံသို့ ပြောင်းလဲစိုက်ပျိုးရန် မလွယ်ကူသဖြင့် လက်ရှိထွက်ရှိသည့် လျှော်ဖြူစေးများကို ဆက်လက်ထုတ်ယူရောင်းချနေရသည်။

ထို့ကြောင့် ယခင်ကဲ့သို့ ဈေးကောင်းရရှိနိုင်ရေးနှင့် ထွက်ကုန်ရောင်းချရန် ဈေးကွက်ပိုမိုရရှိရေးအတွက် တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်များသို့ လျှော်ဖြူစေး ပြန်လည်တင်ပို့နိုင်ရန် တောင်သူများက မျှော်လင့်နေကြသည်။ ပြည်ပဈေးကွက်ပြန်လည်ရရှိလာပါက ဝယ်လိုအားနှင့် ဈေးနှုန်းများပြန်လည်ကောင်းမွန်လာနိုင်ပြီး လျှော်ဖြူစိုက်ပျိုးထုတ် လုပ်သူများ၏ ဝင်ငွေများလည်း တိုးတက်လာနိုင်မည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# သီးထပ်စိုက်ပျိုးသည့် တောင်သူများအား ချေးငွေ ထပ်မံထုတ်ချေးမည်

**မန္တလေး အောက်တိုဘာ ၆**

မြေတစ်မျိုးတည်းတွင် သီးထပ်သီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် တိုးမြှင့်သတ်မှတ်ထားသည့် ချေးငွေနှုန်းထားများအတိုင်း သီးထပ်စိုက်ပျိုးရေး ချေးငွေ ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အသိပေးထားသည်။

သီးထပ်စိုက်ပျိုးရေးချေးငွေကို စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ချက်ကြံ စသည့် အဓိကသီးနှံ ၁၀ မျိုးအတွက် ထုတ်ချေးပေးမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးမည့် အောက်တိုဘာလ ဒုတိယပတ်မှစ၍ ထုတ်ချေးပေးမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဆောင်းရာသီတွင် သီးထပ်စိုက်ပျိုးမည့် တောင်သူများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီချေးငွေကာလမှစ၍ စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ တစ်ဧကလျှင်ငွေကျပ် ၁၅၀,၀၀၀ မှ ငွေကျပ် ၃၀၀,၀၀၀ သို့လည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀,၀၀၀ မှ ငွေကျပ် ၂၅၀,၀၀၀ သို့လည်းကောင်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိသည်။ ပန်းနှမ်း၊ ဆီမုန်ညင်းနှင့် ဂုန်လျှော်တို့အတွက်လည်း တစ်ဧကလျှင် ငွေကျပ် ၁၀၀,၀၀၀ မှ ငွေကျပ် ၁၅၀,၀၀၀ သို့ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**(ယာပုံ) ရွှေမန်း**

✱—✱—✱—✱

✱—✱—✱—✱—✱—✱

# မန္တလေးရွှေ့နေအသင်း အားကစားဆပ်ကော်မတီမှကြီးမှူး၍ မန္တလေးရွှေ့နေများ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးရွှေ့နေအသင်း အားကစားဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် မန္တလေးရွှေ့နေများ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇ လမ်းကြားရှိ မန္တလာသီရိအားကစားကွင်း၊ ဘက်စုံအားကစားကွင်းရှိ ဖူဆယ်အားကစားကွင်းတွင် ကျင်းပခဲ့သည်။ **(ဓါတ်ပုံ)**



မန္တလေးရွှေ့နေများ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲသို့ မန္တလေးရွှေ့နေအသင်းဥက္ကဋ္ဌ ဦးဝမ်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေနှင့် အသင်းအမှုဆောင်များ၊ မန္တလေးမြို့ရှိ တရားလွှတ်တော်ရွှေ့နေ၊ အထက်တန်းရွှေ့နေများ၊ အလုပ်သင်ရွှေ့နေများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

မန္တလေးရွှေ့နေများ ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် မန္တလေးရွှေ့နေအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာသိပ္ပံမှ ဖူဆယ်အားကစားနည်းစနစ်မှူးက ပြိုင်ပွဲစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် မန္တလေးမြို့ရှိ တရားလွှတ်တော်ရွှေ့နေ၊ အထက်တန်းရွှေ့နေ၊ အလုပ်သင်ရွှေ့နေများပါဝင်သော အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(ဝ၄၅)**

# တရားဦး ဓမ္မစကြာတရားတော်(၈)

ဒေါက်တာခင်ဝင်းကြည်

အဲ့ဒီတော့ သက်မဲ့ပစ္စည်းတွေအပေါ်လည်း အစိုးမရ။ သက်ရှိတွေအပေါ်မှာလည်း အစိုးမရ။ ကိုယ့်ဟာကိုယ်လည်း အစိုးမရ။ **အားလုံးအနတ္တ**။ ဘာကိုမှ အစိုးမရ။ **ဖြစ်ချင်တာလည်း ဖြစ်ချင်မှဖြစ်မယ်၊ မဖြစ်ချင်တာတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ ဖြစ်ပါစေဆိုလို့လည်းမရ၊ မဖြစ်ပါနဲ့ ဆိုလို့လည်းမရ။ အနတ္တ** က တစ်ခုမှ ကျေနပ်စရာမရှိလို့ ဒုက္ခ။

ဒါလည်း မြတ်စွာဘုရားရှင်ရဲ့ ဒုက္ခသစ္စာဆိုတဲ့ သစ္စာတရားတစ်ခု၊ ဘာမှငြင်းလို့မရတဲ့ အမှန်တရားဆီကိုပဲ ဦးတည်နေတာပါပဲ မဟုတ်ပါလား။

အခုလို ကိုယ့်အလို ကိုယ့်အကြိုက် ဘာကမှ မလိုက်။ သူ့သဘောနဲ့သူ၊ သူ့သဘာဝနဲ့သူ၊ သူ့နိယာမနဲ့သူ ဖြစ်ချိန်တန်ဖြစ်မယ်၊ ပျက်ချိန်တန်ပျက်မယ်ဆိုတော့ အဲ့ဒီအရာတွေကို စွဲနေမယ်၊ လိုချင်နေမယ်၊ ရအောင်လုပ်နေမယ်၊ အမြဲကိုယ့်နားမှာထားဖို့လုပ်နေမယ်ဆိုရင် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတွေကြုံမှာ သေချာနေပြီ မဟုတ်ပါလား။

**စွဲတာက တဏှာ။**

**ဆင်းရဲတဲ့ဒုက္ခက ရလဒ်။**

ဒါက မြတ်စွာဘုရားရှင်ရဲ့ သစ္စာလေးပါးထဲက ဒုတိယသစ္စာဖြစ်တဲ့ သမုဒယသစ္စာ။ ဒုက္ခရဲ့အကြောင်းတရားနဲ့ပတ်သက်တဲ့ သစ္စာပဲ မဟုတ်ပါလား။ **ဒီသစ္စာလေးပါးထဲက ဘာမှကို မလွတ်ပါလား။**

အဲ့ဒီတော့ မြတ်စွာဘုရားရှင်က ကျွန်မတို့တစ်တွေ အမှတ်တမဲ့နဲ့ သတိလက်လွတ်နေနေကြတာကို ဓမ္မစကြာတရားတော်မှာ သတိပေးတော်မူခဲ့တာက သစ္စာလေးပါး။

၁။ ဘယ်အရာမှ ဒုက္ခနဲ့မကင်းဘူး။ (အနည်းဆုံး အို၊ နာ၊ သေ ကြုံနေရတာ)

၂။ ဒုက္ခအားလုံးရဲ့အကြောင်းရင်းရှာလိုက်တော့ တဏှာ(ကိုယ့်ကိုယ်ကိုယ်အပါအဝင် သက်ရှိတွေအပေါ်၊ သက်မဲ့ပစ္စည်းတွေအပေါ် တွယ်တာတပ်မက်မှု အထင်ရှားဆုံးဥပမာ)

၃။ အကြောင်းတရား(တဏှာ)ပြတ်နိုင်မှ အကျိုးဒုက္ခတွေပြတ်မယ်။

၄။ တဏှာဖြတ်၊ ဒုက္ခပြတ်အောင်လုပ်တဲ့နည်းက မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ဖြစ်တယ်ဆိုတာ သတိပေးဆုံးမတော်မူခဲ့ပါတယ်။

ဒါကို ဓမ္မစကြာရဲ့ ဂါထာ(၄)၊ (၅)၊ (၆)၊ (၇)တို့မှာ မိန့်တော်မူခဲ့တာ ဖြစ်ပါတယ်။

ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့တဲ့ **အဆုံးအမတရားတော်အားလုံး**ကို လေ့လာကြည့်မယ်ဆိုရင်လည်း **ဒီသစ္စာလေးပါးမြတ်တရားကိုပဲ အခြေခံထားပြီး** ဟောကြားထားတာ တွေ့ရပါမယ်။ ဒုက္ခအကြောင်းဟောထားတယ်၊ ဒုက္ခတွေအားလုံးရဲ့ အရင်းအမြစ်အကြောင်းတရားတွေအကြောင်းဟောတယ်။ ဒုက္ခအားလုံးမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ်။ ဘယ်လိုအားထုတ်ရမယ်ဆိုတဲ့ အကြောင်းတွေ ဟောကြားဆုံးမတော်မူခဲ့တာကို တွေ့ရပါမယ်။

မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော **(အနိစ္စ၊ ဒုက္ခ၊ အနတ္တ)**တွေအကြောင်း မိန့်တယ်ဆိုတာကလည်း **ဒီသစ္စာတရားလေးပါးကိုပဲ ဦးတည်ပြီး** ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

အဲ့ဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ သစ္စာလေးပါး ဘယ်လိုမျိုးဆက်စပ်နေသလဲဆိုတာတော့ ကျွန်မ ဉာဏ်မီသမျှ ကြိုးစားပြီးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ပြောမယ်ဆိုရင် ဓမ္မစကြာတရားတော်ရဲ့ ဂါထာ(၄)၊ (၅)၊ (၆)၊ (၇)မှာ ဖော်ပြထားတဲ့ **သစ္စာလေးပါးဆိုတာ ဗုဒ္ဓဘာသာရဲ့ အနှစ်ချုပ်**ဖြစ်ပြီး ကျွန်မတို့တစ်တွေ တတ်နိုင်သမျှ **အချိန်လုပြီး ကိုယ့်ကိုယ်ကိုယ် သတိပေးနေရမယ့် အဆုံးအမတွေ** ဖြစ်ပါတယ်။

၁။ လူ့ဘဝမှာ ကြုံတွေ့နေရတာမှန်သမျှ ဘယ်အရာမှ ဒုက္ခနဲ့မကင်းပါလား။ စားဝတ်နေရေး၊ လူမှုရေးအတွက် ရှာရ၊ ဖွေရ၊ စုဆောင်းရဆိုတာတွေနဲ့ နေ့စဉ်ပင်ပန်းနေရတာနဲ့ကို မပြီးသေးပါလား။ မွေးလာပါပြီဆိုကတည်းက အိုရ၊ နာရ၊ သေရ ဒုက္ခအကြီးအကျယ်ပါလား။ (ဒုက္ခသစ္စာ)

၂။ ဒုက္ခတွေဖြစ်နေရတာ ငါက ဟိုဟာလိုချင်၊ ဒီဟာလိုချင်၊ ဟိုလူ့တွယ်တာ၊ ဒီလူ့တွယ်တာနဲ့ အဆိုးဆုံးက ငါ့ကိုယ်ငါကြီးကို တွယ်တာစွဲလမ်းနေတဲ့ တဏှာတွေကြောင့်ပါလား။ (သမုဒယသစ္စာ)

၃။ စွဲနေတာတွေ၊ တွယ်တာမှုသံယောဇဉ်တွေ၊ လောဘတွေ အဲ့ဒီ တဏှာတွေ လျှော့ချပါမှ ဒုက္ခတွေ လျော့နည်းသွားမယ်။ ဖြတ်နိုင်တဲ့တစ်နေ့မှာတော့ ဒုက္ခခပ်သိမ်းငြိမ်းသွားမယ်။ (နိရောဓသစ္စာ)

၄။ အဲ့ဒါတွေ လျှော့ချနိုင်ဖို့၊ တဖြည်းဖြည်းနဲ့ ဖြတ်နိုင်ဖို့ဆိုတာက **အမြင်မှန်**ဆိုတဲ့ သမ္မာဒိဋ္ဌိကို အခြေခံပြီး လက်တွေ့ဘဝမှာ **မှန်တာတွေး၊ မှန်တာပြော၊ မှန်တာလုပ်၊ မှန်တဲ့အသက်မွေးမှုလုပ်**။ အဲ့ဒါတွေကို ဝီရိယစိုက်၊ သတိထား၊ စိတ်ကို တည်တည်ငြိမ်ငြိမ်လေးဖြစ်နေအောင် ယိမ်းယိုင်တိမ်းစောင်းမသွားအောင် သတိထားကြိုးစားစောင့်ရှောက်နေကြရမှာ ဖြစ်ပါတယ်။ (ဒါက မဂ္ဂင်ရှစ်ပါးပါပဲ)

ကျွန်မတို့တစ်တွေကတော့ **အခုမှ တရားအလုပ် စကြမှာဆိုတော့ ပထမသစ္စာနှစ်ပါး**(ဒုက္ခရှိကြောင်း၊ ဒုက္ခဖြစ်စေတဲ့အကြောင်းတရား)ကိုပဲ **ပထမဦးဆုံး**အနေနဲ့ အာရုံစိုက်ပြီး ကိုယ့်ကိုယ်ကိုယ် **သတိပေးအာရုံစိုက်တာနဲ့ စလိုက်ကြရအောင်ပါ**။ တစ်နေ့တစ်ခါနှစ်ခါလောက် သတိပေးမယ်၊ တဖြည်းဖြည်းနဲ့ သတိရရင် ရသလို ခဏခဏ သတိပေးရင်း **ဝိပဿနာအလုပ်**(ဝိ = အထူး၊ ပဿန = ရှုကြည့်ခြင်း)ကို **စတင်လုပ်ဆောင်ကြပါစို့**လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ဒုက္ခကို ဒုက္ခမှန်းမသိ။ ဟိုဟာလိုချင်၊ ဒီဟာလိုချင်၊ ဟိုဟာစွဲ၊ ဒီဟာစွဲ ဖြစ်နေတာကိုက ဒုက္ခရှာနေပါလားလို့မသိ။ **သတိလက်လွတ် အပေါ်ယံရုပ်ရုပ်လေးတွေး၊ ရုပ်ရုပ်လေးကြည့်ပြီး အပေါ်ယံအဆီတွေ၊ အမြင်တွေနဲ့ ကျေနပ်မနေဘဲ** ဝိ = အထူး၊ ပဿန = ရှုကြည့်ခြင်း၊ **နက်နက်နဲနဲကြည့်ခြင်း၊ သိခြင်း**ဆိုတာလေးတွေ **တဖြည်းဖြည်းနဲ့လေ့ကျင့်ယူရင်း** မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမလမ်းညွှန်ပြသမှုတွေကို လိုက်နာကျင့်ကြံကြိုးကုတ်အားထုတ်ကြရအောင်ပါ။

ပထမသစ္စာနှစ်ပါးကို လေ့ကျင့်ဖန်များသထက်များလာပြီဆိုရင်တော့ **တတိယသစ္စာ**(နိရောဓသစ္စာ)ကို သဘောပေါက်ဖို့ သိပ်မခဲယဉ်းတော့ဘူးထင်ပါတယ်။ ဒုက္ခရဲ့အကြောင်းတရား(သမုဒယ)ကို သိပြီဆိုမှတော့ အဲ့ဒီအကြောင်းတရားဖြစ်တဲ့ တဏှာကို ပယ်ရင် အကျိုးဖြစ်တဲ့ ဒုက္ခလည်း မလာတော့ဘူးဆိုတာကို မြင်လာမယ်ထင်ပါတယ်။

နောက်တစ်ဆင့် **တဏှာပယ်တဲ့နည်း(မဂ္ဂင်ရှစ်ပါး)**ကို စိုက်လိုက်မတ်တတ် သတိ၊ ဝီရိယ၊ သမာဓိတွေနဲ့ လက်တွေ့ကျင့်ဖို့ပဲ ကျန်ပါတော့တယ်။

ပြောတော့လွယ်လိုက်တာ၊ ကျင့်ဖို့ကျတော့ မလွယ်ပါဘူးလို့ အားလုံးက ပြောကြမှာ အမှန်ပါပဲ။

ဟုတ်ပါတယ်။ တကယ့် **တကယ်လက်တွေ့ကျင့်ဖို့ဆိုတာ** မလွယ်ပါဘူး။ **မလွယ်ပါဘူးလို့သာပြောတာ ကျင့်ဖို့မဖြစ်နိုင်ပါဘူးလို့ ဆိုတာမှမဟုတ်တာ**။

တဖြည်းဖြည်းချင်းနဲ့ **တစ်နေ့ ငါးမိနစ်လောက်**လေးနဲ့ **စကြည့်ရအောင်လေ**။

ကျွန်မတို့တစ်တွေက **“တရား”**လို့ပြောလိုက်တာနဲ့ လန့်။ **“ဝိပဿနာ”**ဆိုတဲ့စကားလုံးလေး ကြားရုံနဲ့လန့်။ ပါဠိစကားလုံးလေးတစ်လုံးတွေ့တာနဲ့လန့်။ ဖတ်လည်းမဖတ်တော့ဘူး။ နာလည်းမနာတော့ဘူး။ ဒါနဲ့ပဲ ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမတွေနဲ့ ဝေးဝေးသွားကုန်တော့တာ အလွန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ **ကျွန်မတို့ဘဝအတွက် အလွန်မှ တန်ဖိုးရှိတဲ့ လမ်းညွှန်စကားတွေ၊ ဆုံးမသွန်သင်မှုတွေ၊ လမ်းပြမှုတွေ** ကျွန်မတို့ရဲ့ မျက်စိအောက်မှာတင်ရှိပါလျက်သားနဲ့ **သတိမမူ ဂူမမြင်**သလို ဖြစ်နေကြတယ်ထင်ပါရဲ့။

ကျွန်မဆိုလည်း ပါဠိဘာသာစကားကို မသင်ဖူးပါဘူး။ ဒါပေမဲ့ **ဘုရားရှင်ရဲ့အဆုံးအမ** (ဘုရားရှင်ရဲ့တရားတော်တွေ)ကို ကျွန်မတို့ရဲ့ **မြန်မာဘာသာ**နဲ့ ဆရာတော်ကြီးများက အားလုံး**ဘာသာပြန်ပေးထားပြီးပြီလေ**။

ဆရာတော်ကြီးများက ပါဠိစာပေ၊ ပါဠိဘာသာစကားကျွမ်းလေတော့ ဘာသာပြန်တာမှာ ပါဠိစကားလုံးတွေ ညှပ်ညှပ်သုံးတော်မူလေ့ရှိတာတော့ မဆန်းပါဘူး။ ကျွန်မတို့လည်း တစ်ခါတစ်ခါ အင်္ဂလိပ်စကားလုံးတွေ ညှပ်ညှပ်သုံးကြသလိုပဲပေါ့။

ဒီတော့လည်း မခက်ပါဘူးထင်တယ်။ ကျွန်မကတော့ **ပါဠိ-မြန်မာအဘိဓာန်တွေ**၊ Pali-English Dictionary တွေအနားမှာ အဆင်သင့်ချထားတယ်။ ပါဠိစကားတစ်လုံးကို ဆရာတော်တစ်ပါးပါးက ကြားညှပ်သုံးလိုက်တာ ကျွန်မ အဲ့ဒီစကားလုံး နားမလည်ဘူး၊ ယောင်ဝါးဝါးဖြစ်နေရင် **အဘိဓာန်စာအုပ်တွေ** လှန်လိုက်တာပဲ။ အဓိပ္ပာယ်ကို သေသေချာချာနားမလည်မချင်း တစ်အုပ်ပြီးတစ်အုပ် မြန်မာလို၊ အင်္ဂလိပ်လို အကုန်ဖတ်တော့တာပဲ။

နောက်တစ်ခါ ဒီစကားလုံးထပ်တွေ့ပြန်တယ်၊ အဓိပ္ပာယ်သိပ်သဲသဲကွဲကွဲ မပေါ်လာသေးဘူးဆိုရင်လည်း အဘိဓာန်တွေကို တစ်ခါထပ်ကြည့်ပြန်တာပဲ။ အချိန်တော့ပေးရတာပေါ့။ **ကိုယ့်အတွက်ကိုယ် ဒီလောက်တော့ အချိန်ပေးရတာ ပေးရမှာပဲ မဟုတ်ပါလား**။ မိဘတွေ၊ ဆွေမျိုးတွေ၊ သားသမီးတွေအတွက် အချိန်တွေအများကြီးပေးပြီး အလုပ်လုပ်ခဲ့ပြီးပြီလေ။ ကိုယ့်အတွက်ကျမှ အချိန်ကုန်သလေး၊ ပင်ပန်းသလေး ကြေးထူနေရင် ကိုယ်ပဲ အရှုံးကြီးဆုံးရှုံးသွားတော့မှာပေါ့။

ကျွန်မ ဒီဆောင်းပါးတွေကို ကြိုးစားရေးနေတုန်းမှာပဲ **မင်းကွန်းဆရာတော်ကြီးရဲ့ သစ္စာလေးပါးတရားတော်နဲ့ ဓမ္မစကြာတရားတော်**တို့ကို အမှတ်တမဲ့တွေ့တာနဲ့ ဝမ်းသာအားရ ဖြစ်ခဲ့ပါတယ်။ ဆရာတော်ကြီးကလည်း ကျွန်မတို့တစ်တွေ တရားနာရမှာ၊ တရားအားထုတ်ရမှာကို တီကို ဆားနဲ့တို့ဆိုသလို ဖြစ်နေကြတာ နားလည်တော်မူတယ်နဲ့တူပါတယ်။

**ဆရာတော်ကြီးကတော့ အခုမှ စလုံးရေစတဲ့ လူတွေအနေနဲ့ ပထမသစ္စာနှစ်ပါးကိုပဲ အဓိက အလုပ်ပေးတရားတွေအဖြစ်နှလုံးသွင်းဆင်ခြင်ကြဖို့** တိုက်တွန်းတော်မူပါတယ်။ ကျွန်မတို့ကို အလုပ်သိပ်လုပ်ကြမယ့်လူတွေ မဟုတ်မှန်းသိလို့ ထင်ပါတယ်။

ပါဠိကိုကြောက်မှန်းသိတာတော့ သေချာပါတယ်။ ဒါကြောင့် ဓမ္မစကြာမှာ အဓိကကျတဲ့ ဂါထာ(၄)၊ (၅)၊ (၆)၊ (၇)သစ္စာလေးပါးကိုပြောထားတဲ့ ဂါထာတိုတိုလေးတွေကိုတောင် မကျက်နိုင်းဘဲ မြန်မာလို ကဗျာလေးတွေစပ်ပြီး မှတ်ရလွယ်အောင်လုပ်ထားပေးခဲ့ပါတယ်။ အရင်ဆောင်းပါးတွေ မဖတ်ဖြစ်ခဲ့တဲ့သူတွေအတွက် သစ္စာလေးပါးစလုံး ပြန်ရေးပေးပါမယ်။

**၁။ ပဋိသန္ဓေ အို၊ နာ၊ သေဟု**
**လေးထွေရင်းမြစ် ဒုက္ခဖြစ်၏**
**မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ**
**အကျဉ်းပြသော် ပဉ္စုပါဒါ ငါးခန္ဓာ**
**သစ္စာဒုက္ခ မှန်လေစွ။**

**၂။ ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ သုံးပါးမှာ**
**သစ္စာ သမုဒယ မှန်လေစွ။**

**၃။ တဏှာချုပ်ရာ နိဗ္ဗာန်မှာ**
**ဒုက္ခနိရောဓာ။**

**၄။ နိဗ္ဗာန်ရောက်ကြောင်း**
**- ကောင်းသောအသိ**
**- ကောင်းသည့်အကြံ**
**- ကောင်းတာ ဆို ပြော**
**- ကောင်းသောအပြု**
**- ကောင်းမှုသက်မွေး**
**- ကောင်းရေးလုံ့လ**
**- ကောင်းသည့်သတိ**
**- ကောင်းဘိတည်ကြည်၊ ရှစ်မည်တွင်သည်၊ မဂ္ဂသစ္စာ မှန်လေစွ။**

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ



**ကျွန်းလှ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ပျဉ်းမြိုင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများအဖြစ် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် လူငယ်စကားဝိုင်းကျင်းပပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၈၀)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့အလင်း

## မြတ်သောဆရာ

* ပန်းကလေးများ ပွင့်ဖို့ရာ
ရေလောင်းပေါင်းသင်ကာ ။
ပန်းမျိုးစုံတွေ လန်းစေတာ
ဥယျာဉ်မှူးတွေပါ ။
တစ်ပါးသူတွေ မွေးဖို့ရာ
ပွန်းပဲ့ခံရရှာ ။
ကျောက်ပျဉ်ထက်မှာ သွေးကြတာ
သနပ်ခါးတုံးလေးပါ ။
ယမင်းရုပ်လို လှဖို့ရာ
ပုံဖော်သွန်းပြုတာ ။
အတတ်ပညာနဲ့ ထုဆစ်တာ
ပန်းပုဆရာပါ ။
အမှောင်ပြယ်ကာ လင်းဖို့ရာ
အလင်းရောင်ပေးတာ ။
လောင်မြိုက်ခြင်းဒဏ် ခံစားရှာ
ဖယောင်းတိုင်လေးပါ ။
အမှောင်ထုထဲ တစ်ကိုယ်တည်းသာ
လေ ၊ မိုးဒဏ် ခံကာ ။
လမ်းမှန်ရောက်ရေး လမ်းပြတာ
မီးပြတိုက်လေးပါ ။
လောက သမုဒ်ပြင်ထက်မှာ
ပဲ့ပြင်ထိန်းကျောင်းကာ
လိုရာခရီးရောက်စေတာ
ပဲ့ကိုင်ရှင် "ဆရာ" ။ ။

မိုးထက်ကို(အမရပူရ)



## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပွဲကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ ၂၂လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ မုဒိတာ ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တိုးက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ပခုက္ကူစာပေဆု၊ သုတေသနနှင့် စာပေဗိမာန်စာပေဆု၊သုတပဒေသာ(ဝိဇ္ဇာ)စာပေဆုရ ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)မှ အခြေခံပညာကျွမ်းကျင်သူ(ငြိမ်း)ဦးငွေတိုးက ဆရာအတတ်ပညာကျင့်ဝတ်သိက္ခာနှင့် ၂၁ရာစု ပညာရေးအရည်အသွေး ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဆရာများကို ဂုဏ်ပြုပူဇော်ဟောပြောသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းတည်ထောင်သူ ဦးဝင်းခိုင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ခေတ္တရပ်နားသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် မြတ်ဆရာသီချင်းသီဆိုပြီး အခမ်းအနားကို ပြန်လည်စတင်ခဲ့သည်။ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ဆရာ၊ တပည့် ပူးပေါင်းဆောင်ရွက်မှုနှင့် သင်ယူမှုအတတ်ပညာ ခေါင်းစဉ်ဖြင့် ကျပန်းစကားပြောယှဉ်ပြိုင်ကြသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ပြီး 'မြန်မာ့ကျောင်း' သီချင်းကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**(အပေါ်ဝဲပုံ) PNT**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ကန့်ဘလူ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်၊ နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နိုင်ပုံများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး မူးယစ်ဆေးဝါးအန္တရာယ် နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မန္တလေး အောက်တိုဘာ ၆**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)(AEDA-Mdy) တို့ ပူးပေါင်း ကျင်းပသည့် အရက်၊ ကွမ်းယာ၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ထွန်းက အမှာစကား ပြောကြားခဲ့ပြီး မူးယစ်သမိုင်းကြောင်းကို အမှုဆောင် ဒေါ်သင်းသင်းဦးကလည်းကောင်း၊ အရက်၊ကွမ်းဆေးဥပဒ်ဘေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက လည်းကောင်း ဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) မှ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ပြီး မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုခဲ့ကြသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ၊ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၇ဝ)**



## မလွန်ဆန်လှူအသင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် ဆွမ်းဆန်တော် ရေစက်ချပွဲ ကျင်းပ



**ကန့်ဘလူ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကန့်ဘလူ မလွန်ဆန်လှူအသင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် မဟာတဏ္ဍုလဒါန ရေစက်ချပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ သံဃာတော်များ၊ ခရိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများ၊ အသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် ဒေသခံ အလှူရှင် ၈၂၅ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍာဘာသဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ကန့်ဘလူ မလွန်ဆန်လှူအသင်းအတွင်းရေးမှူး ဦးမောင်ကိုကြီးက လှူဒါန်းမှုများအား ဖတ်ကြားလျှောက်ထားကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့် အလှူရှင်များက ဆရာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ လှူဒါန်းမှုတို့အတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်း၊ အချိုပွဲများ ဆက်ကပ်လှူဒါန်းကြပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်များကိုလည်း ထမင်း၊ ဟင်းများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

အဆိုပါ ကန့်ဘလူမလွန်ဆန်လှူအသင်းမှ ဆန်အိတ်ပေါင်း ၂၃၅၆ အိတ်၊ အလှူငွေကျပ် ၁၂,၅၈၉,၂၀၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက် ကိုးဆောင်တိုက် နိကာယမဥ္စူ ပခုက္ကူကျောင်းသစ်ဆရာတော် ဘဒ္ဒန္တပညာသီရိ အဂ္ဂမဟာဝါစကပဏ္ဍိတက ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်က လက်ခံရယူစဉ်။ (ကဆ)**



## မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့၊ မဟာဝိဇယကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒကအား ဂုဏဝိသိဋ္ဌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားသို့ သဒ္ဓမ္မဇောတိကဓဇ မဟာဝိဇယကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တဝိစာရ အမှူးပြုသော ပင့်သံဃာတော် အပါး ၁၀၀ ကြွရောက်ချီးမြှင့်ပြီး ကျောင်းတိုက် အကျိုးဆောင်ဂေါပကအဖွဲ့၊ယောဂီအဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မဟာဝိဇယဂေါပကအဖွဲ့မှ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒက(သာသနာ့ဓဇဓမ္မာစရိယ)အား ထီးဖြူမိုး၍ ဝိဇယမင်္ဂလာဓမ္မဗိမာန်တော်သို့ ပင့်ဆောင်ကာ အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး နန်းမြို့လုလင်တေးဂီတအဖွဲ့မှ ဗုဒ္ဓရောင်ခြည်တော်ဖွင့်တေးသီချင်းဖြင့် တီးခတ်ပူဇော်ခဲ့သည်။ထို့နောက် ပရိသတ်တို့က ဘုရားကြီးတိုက် မိုးကုတ်ကျောင်းဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒက၏ထေရုပ္ပတ္တိအကျဉ်းကို အရှင်ဝါသဝ (ရတနာသိဃ်) ကျောင်းဆရာတော်က ဖတ်ကြားပူဇော်သည်။

ထို့နောက် တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ထွန်း၊ မြို့နယ်ကော်မရှင်ခွဲဥက္ကဋ္ဌ ဦးမျိုးဝင်းတို့က ဘွဲ့ရဆရာတော်အား နိုင်ငံတော်အစိုးရမှ ချီးမြှင့်သော မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။ ဆက်လက်၍ မဟာဝိဇယကျောင်းတိုက်နာယကဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာများ စုပေါင်းလှူဒါန်းသော နဝကမ္မဝတ္ထုငွေကျပ် သိန်း ၁၀၀ အား မဟာဝိဇယကျောင်းတိုက် အကျိုးဆောင်ဂေါပကအဖွဲ့က ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ပင့်သံဃာအပါး ၁၀၀ တို့အား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် တစ်သိန်းစီနှင့် မာတင်သင်္ကန်း တစ်စုံစီ လှူဒါန်းကြသည်။

ထို့နောက် ဂုဏာထောမနာဂါထာကို ဘဒ္ဒန္တကုဏ္ဍလ(ဓမ္မာစရိယ)၊ မင်္ဂလာရတုပိုဒ်စုံကို တေးသံရှင် လမင်းစန္ဒာ၊ (ရှစ်လုံးဘွဲ့) မင်္ဂလာကဗျာကို မဟာဝိဇယ ယောဂီအဖွဲ့တို့က ရွတ်ဖတ်ပူဇော်ကြပြီး မဟာဝိဇယဆရာတော်ကြီးက ရေစက်ချတရား ဟောကြား ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းသည်။ အဆိုပါ အခမ်းအနားတွင် (ဦးဇော်မင်း+ဒေါ်သန်းရွှေ)တို့အား ရည်စူး၍ ဒေါ်နီတွတ်၊ ဦးချစ်သူ+ ဒေါ်ထိုက်ထိုက်ဝင်း မိသားစုနှင့်ယောဂီအဖွဲ့မှ ဆွမ်းအာဟာရကုသိုလ်ပြုပြီး မဟာဝိဇယဆရာတော်ကြီးက သီလရှင်ဝတ်စုံ အစုံ၁၀၀၊ ယောဂီ ဝတ်စုံ အစုံ ၂၅၀တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝ၅၁)**

➢ **(၆-၁၀-၂၀၂၆)ရက် ကျင့်ဝတ်သိက္ခာ ပြည့်ဝသော ကမ္ဘာ့ဆရာများကို ဂုဏ်ပြုပူဇော်ခြင်း ဆောင်းပါး စာမျက်နှာ ၁၄ မှအဆက်**

ကျောင်း၏ရုံးလုပ်ငန်းဆောင်ရွက်ရာတွင် ကျောင်းရုံးခန်း၊ ကျောင်းသားရေးရာ ဌာနစိတ်၊ ငွေစာရင်းဌာန စသည်ဖြင့် ကဏ္ဍအလိုက် တာဝန်ယူပြီး ကျောင်းဝင်ပုံစံ(ခ)စာရင်း အပါအဝင် ကျောင်းနှင့်ရုံးလုပ်ငန်းများအပေါ် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှုမှတ်တမ်းကို ခေတ်မီဒီဂျစ်တယ်နည်းပညာ အသုံးပြု၍ စုစည်းပြုစု ထိန်းသိမ်းထားပါသည်။

အမျိုးသား သင်ရိုးညွှန်းတမ်း အခြေခံစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ဘာသာရပ်အသီးသီးကို သင်ကြားပေးပါသည်။ ထပ်ဆောင်းဘာသာရပ်အနေဖြင့် ဘုန်းတော်ကြီးကျောင်း၏ သဘောသဘာဝအရ ယဉ်ကျေးမှုအပေါ် အခြေပြုလျက် ဘာသာစကားနှင့် ခေတ်မီနည်းပညာကို ပေါင်းစပ်၍ သင်ကြားပေးပါသည်။

တိုင်းရင်းသားလူမျိုးများ ရောပြွမ်းနေသည့်အားလျော်စွာ ကလေးများ၏ ဉာဏ်ရည်နှင့် စွမ်းဆောင်နိုင်မှုအရ စိစစ်ရွေးချယ်ပြီး စာသင်ခန်းသုံး မြန်မာဘာသာစကားနှင့်အတူ အင်္ဂလိပ်ဘာသာ တိုင်းရင်းသားဘာသာစကားကို အထူးပြုချိတ်ဆက်၍ လေ့ကျင့်သင်ကြားပေးပါသည်။

သင်ကြားသင်ယူမှု အတတ်ပညာ၊ ကျင့်ဝတ်နှင့် သိက္ခာအရည်အသွေး ပြည့်ဝရေး၊ လုပ်ငန်းခွင်စွမ်းရည်မြင့်မားရေး၊ လုပ်ငန်းအပေါ် အထောက်အကူပြုနိုင်စေရန် ဆရာအတတ်ပညာလေ့ကျင့်သင်ကြားရေးလုပ်ငန်းကို စီစဉ်ပြီး တီထွင်ဖန်တီးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါသည်။ ခေတ်မီနည်းပညာနှင့် ဘာသာစကားကို ချိတ်ဆက်လေ့လာသင်ယူနိုင်ရန် စာသင်ခန်းများ၊ ကျောင်းကျန်းမာရေးနှင့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ရန် ကျောင်း၊ ဆေးခန်း၊ လက်မှုပညာ (စက်ချုပ်ခန်း)၊ Carpentry Workshop, Child Care Department, Engineer Department , Bridging လုပ်ငန်းကို လက်တွေ့လုပ်ဆောင်နိုင်ရန် ကဏ္ဍအလိုက် သီးသန့်နေရာများ စီစဉ်ဖန်တီး သတ်မှတ်ပေးထားပါသည်။

ဖောင်တော်ဦး တွဲဖက်အထက်တန်းကျောင်းက အခြေခံပညာအဆင့် ပြီးမြောက်သော ရဟန်း၊ သာမဏေ၊ သီလရှင်၊ ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်အဆင့်နှင့် လျော်ညီသော အသိပညာ၊ အတတ်ပညာ ဆက်လက်သင်ယူနိုင်ရန် ဖောင်တော်ဦး ဗုဒ္ဓတက္ကသိုလ်ကို စီစဉ်ဖွင့်လှစ်တည်စိုက်ပေးထားပါသည်။

သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဘာသာရပ် ခေတ်မီနည်းပညာနှင့် ဘာသာစကားကျွမ်းကျင်မှု ဘာသာရပ်၊ ပထဝီဝင်၊ သမိုင်း စသည့် လူမှုရေးသိပ္ပံဘာသာရပ်၊ သုတေသနပြုစုနည်းနှင့် ပညာရေးဘာသာရပ်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို နည်းပညာအသုံးပြုမှုနှင့် ပေါင်းစပ်၍ လေ့ကျင့်သင်ကြားပို့ချပေးပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူရန် အခက်အခဲရှိသူနှင့် တိုင်းရင်းသားကလေးများအား လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး၊ အလွှာ ရိုက်ခတ်မှုကင်းစွာဖြင့် ပြုစုစောင့်ရှောက်ပြီး ပညာသင်ကြားပေးသည့်အပြင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ ကလေးငယ် အမျိုးသား၊ အမျိုးသမီး ၆၀၀ ကျော်ခန့်ကို နေစရာ၊ စားစရာ ဖြည့်ဆည်းပြီး အခြေခံပညာကို သင်ပေးနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပါသည်။

ဖောင်တော်ဦး မျိုးဆက်များအနေဖြင့် ခေတ်မီနည်းပညာနှင့် ဘာသာစကားစွမ်းရည် မြင့်မားမှုကြောင့် နိုင်ငံတကာနှင့် နိုင်ငံအတွင်း တစ်နံတစ်လျားရှိ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ အလွှာစုံ၌ ကောင်းမွန်ဝင်ဆံ့စွာ ကျင်လည်နေနိုင်ခြင်းသည် ဆရာတော် ဘဒ္ဒန္တနာယက၏ တီထွင်ဖန်တီး စီမံအုပ်ချုပ်မှုရလဒ်များ ဖြစ်ပါသည်။

### ဂုဏ်ပြုပူဇော်ခြင်း

ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ နာယက မဟာထေရ်သည် မြန်မာ့ပညာရေးအဆင့်အတန်း မြင့်မားစေရန်နှင့် နိုင်းယှဉ်လေ့လာနိုင်ရန် နိုင်ငံအသီးသီးသို့(၂၁)ကြိမ်တိုင်တိုင် သွားရောက်လေ့လာမှုဖြင့် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့သူ၊ အသက်အရွယ်ကို ငဲ့ညှာခြင်းမပြုဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နေသူ ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်၊ စာအမှတ်၊ ၇၇(၄၀) /၇/ သမ္မတရုံးဖြင့် ချီးမြှင့်အပ်နှင်းခဲ့သော နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်သူများ၏ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးသာယာရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အလို့ငှာ ဆင်းရဲနွမ်းပါးသည့် လူငယ်များအား ပညာတတ်မြောက်ရေး ကြိုးပမ်းရုံသာမက စေတနာရှင်များ ပူးပေါင်းပါဝင်အောင် ဆောင်ရွက်ခဲ့သည့်အတွက် ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်းအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ပါသည်ဟု ဖော်ပြထားပါသည်။

ဖောင်တော်ဦး တွဲဖက်အခြေခံပညာအထက်တန်းကျောင်းကို ဦးဆောင်တည်ထောင်ခဲ့သူ ဆရာတော် ဘဒ္ဒန္တနာယကသည် ပညာရေးလောကအပေါ် ရေရှည်ပေးဆပ်ခဲ့မှု၊ ကိုယ်ကျင့်သီလ၊ သိက္ခာတွင် တပည့်များနှင့် လူမှုဝန်းကျင်က ကြည်ညိုလေးစားခံထိုက်သော "ပညာရေး စံပြပုဂ္ဂိုလ်" ဖြစ်ပါသည်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ တည်တံ့ဖွံ့ဖြိုးစေမည့် မူဝါဒနှင့် မျိုးဆက်သစ်ဆရာများကို ပြုစုပျိုးထောင်ပေးခြင်း စသည့် ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှုရှိအောင် စည်းရုံးဖော်ဆောင်ပေးခြင်း၊ ကမ္ဘာ့အဆင့်မီ မြန်မာ့ပညာရေးကဏ္ဍ မြှင့်တင်မှုအတွက် တစ်သက်တာ လေ့လာဆွေးနွေးအဖြေရှာမှု စသည့် တန်ဖိုးထားဂုဏ်ယူအပ်သော ဆရာအတတ်ပညာ ကျင့်ဝတ်နှင့် သိက္ခာပြည့်ဝသူ ဆရာတော် ဘဒ္ဒန္တနာယက မဟာထေရ်အား ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့တွင် အထူးအားဖြင့် ဂုဏ်ပြုပူဇော်မိပါသည်။

**အငြိမ်းစားပညာရေး ကျွမ်းကျင်သူတစ်ဦး**

# လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာရပ်ကွက် ဗျူဟာလမ်းရှိ အဆောင်တစ်ခု၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုပြုလုပ်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာ ရပ်ကွက် ဗျူဟာလမ်းရှိ ဝင်းချယ်ရီ အဆောင်၌ အွန်လိုင်းလိမ်လည် လောင်းကစားခြင်းများ လုပ်ကိုင် နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်း တွင် သွားရောက်ရှာဖွေစစ်ဆေးရာ အဆိုပါအဆောင်ရှိအခန်းတစ်ခန်း အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦးကို အွန်လိုင်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင် သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၃ နာရီ ၅ မိနစ်ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစား ခြင်းနှင့်ပတ်သက်သည့် သတင်း များအရ လားရှိုးမြို့ ဗျူဟာလမ်းရှိ ဝင်းချယ်ရီ အဆောင်အတွင်း ဝင်ရောက် ရှာဖွေစစ်ဆေးရာ အဆောင်ရှိ အခန်းအမှတ်(၂၁၄) အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ လားရှိုးမြို့နေ မင်ဟွေးဆင် (ဘ) ဦးငွားဝူ၊ မဝှေဖူး(ဘ) ဦးငွားဝူ၊ ကောင်းဝင်းကြည် (ခ) အန်းဝယ် (ဘ) ဦးကောင်းကျော်နှင့် ထန်အင်ရှီ (ခ) အဖျင်း (ဘ) ဦးဖာဝမ်းတို့ ၄ ဦးကို အွန်လိုင်းလောင်း ကစားလုပ်ကိုင်ရာတွင် အသုံးပြု သည့် Laptop ၄ လုံး၊ All in One ကွန်ပျူတာ ၁ လုံး၊ ဖုန်းမျိုးစုံ ၇ လုံး၊ Wifi စက် ၂ လုံး၊ ငွေကျပ် ၄၇၅၀၀၀ တို့နှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများ နှင့်အတူ ဖမ်းဆီးရမိသူများအား လားရှိုးမြို့မရဲစခန်း၌ အီလက် ထရောနစ် ဥပဒေပုဒ်မ ၃၃ (က) ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်း လိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေ ရေးနှင့် အပြီးတိုင်ပပျောက်စေရေး တို့အတွက် အမြစ်ပြတ်တိုက်ဖျက် ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်မပြတ် အထူးအလေးထား ၍ ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

၁၀၀



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၄) သီရိမဟာ ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ များ ဖမ်းဆီးရမိသည့်နေရာ။




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။



ဖမ်းဆီးရမိသည့်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်း များကို တွေ့ရစဉ်။

# အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

နေပြည်တော် အောက်တိုဘာ ၆

အမျိုးသမီးငယ်များကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တာကြီးရပ်ကွက် နေ အမျိုးသမီးတစ်ဦးအား တစ်အိမ်တည်းနေ အဘိုးဖြစ်သူ၏ နောက်အိမ်ထောင် ဒေါ်စန်းမိုး(ခ)မိသဲက တရုတ်အမျိုးသားနှင့် တစ်နှစ် ပေါင်းသင်းရမည်၊ ငွေကျပ်သိန်း ၉၀ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး ၎င်း၏သမက်ဖြစ်သူ ကျော်ဝင်းထွန်း(ခ)ဝေလင်း၊ သမီးဖြစ်သူ စိုးသန္တာ (ခ) စိုးသန္တာထွန်းတို့နှင့် မဝတ်ရည်တို့က မူဆယ် မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် ခေါ်ဆောင်လာကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြင်ဦးလွင် မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း (ပ)၆၂/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့်တရားစွဲတင် ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ပြင်ဦးလွင်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ကျော်ဝင်းထွန်း(ခ)ဝေလင်းအား လူကုန်ကူးမှု တားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၃ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်စန်းမိုး(ခ)မိသဲ၊ မဝတ်ရည်နှင့် စိုးသန္တာ (ခ)စိုးသန္တာထွန်းတို့ သုံးဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရေသရောက် ကုန်းကျေးရွာနေ အမျိုးသမီးတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်နေ မရတနာဦး(ခ) မရတီမိုင်းနှင့် ခင်ပွန်းဖြစ်သူ ပြည့်ဖြိုးမောင်တို့က TikTok အကောင့်မှ တစ်ဆင့် ထမင်းချက်အလုပ်ရှိကြောင်း၊ တစ်လငွေကျပ် ၂၅ သိန်းရရှိ မည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်ခဲ့ပြီး ထမင်းချက်အလုပ်မခိုင်းဘဲ စားသောက်ဆိုင်များတွင် စင်တင်ရှိုးလျှောက်ခြင်း၊ အမျိုးသားများနှင့် ဝိုင်းထိုင်ခြင်း၊ အမျိုးသားများနှင့် ပြင်ပသို့လိုက်၍ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောသဖြင့် ထွက်ပြေးခဲ့သော်လည်း အခန်းတွင်းပိတ်လှောင်ထားသဖြင့် မိဘများထံမှ ငွေကျပ် ၅ သိန်း တောင်းခံပြီး မရတနာဦး(ခ)မရတီမိုင်းနှင့် ပြည့်ဖြိုးမောင် တို့အား ပေး၍ နေအိမ်ပြန်ခဲ့ရကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေ ရဲစခန်း(ပ)၉၀/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅/၄၄ အရ အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တို ဘာလ ၅ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မရတနာဦး(ခ)မရတီမိုင်းနှင့် ပြည့်ဖြိုးမောင်တို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက ရိတ်သိမ်းပြီးစီး

**ကျွန်းလှ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် သည် အစေ့ထုတ်ပြောင်း အဓိက စိုက်ပျိုးသောဒေသဖြစ်ပြီး ယခုနှစ် မိုးရာသီစိုက်ပျိုးခဲ့သော အစေ့ ထုတ်ပြောင်း ၁၄၉၉၅ ဧကရိတ် သိမ်းပြီးစီးပြီး ၇၃၀၄၀၆ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ ထုတ်ပြောင်းစိုက်ပျိုးဖို့ ၁၈၉၃၈ ဧက လျာထားခဲ့ပြီး ၁၄၉၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အစေ့ ထုတ်ပြောင်းစိုက်ပျိုးတဲ့ တောင်သူ တွေကို စိုက်ပျိုးရေးဆိုင်ရာ နည်း ပညာများနဲ့ သတ်မှတ်ကာလမှာ အချိန်မီရိတ်သိမ်းပြီးစီးရေး ကွင်း ဆင်းအသိပညာပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြော သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ ရိတ်သိမ်းခဲ့တဲ့ အစေ့ ထုတ်ပြောင်း တစ်ဧကေ ၄၈ ဒသမ ၇၁ တင်းထွက်ရှိပြီး စုစုပေါင်း ၇၃၀၄၀၆ တင်းထွက်ရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီက အစေ့ထုတ်ပြောင်း ၁၅၀၁၆ စိုက်ပျိုးနိုင်ခဲ့ပြီး ၇၃၁၅၈၀ ဧက ထွက်ရှိခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ) (၄၈၀)**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ခံရနိုင်ပါသည်။**

## ရှေးဟောင်းသမိုင်းဝင် ဖေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး (ဆဋ္ဌမအကြိမ်) လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**တောင်တွင်းကြီး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဖေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး (ဆဋ္ဌမအကြိမ်) လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါစေတီတော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် နယ်မြေခံ တပ်မှ တာဝန်ရှိသူများက အဖွင့်အမှာစကား ပြောကြားကြပြီး ဖေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းက ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ပတ်သက်၍ တင်ဒါခေါ်ယူဆောင်ရွက်မှုအခြေအနေအား လည်းကောင်း၊ အလှူငွေရရှိရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ မြို့နယ်လမ်းဆုံနှင့် လူစည်ကားရာ နေရာများတွင် အလှူခံရရှိရေး ဗီနိုင်းပိုစတာများ စိုက်ထူထားမည့်အခြေအနေများ၊ မီဒီယာနည်းလမ်းများဖြင့် အများပြည်သူ ပိုမိုသိရှိစေရေး ဆောင်ရွက်ထားရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်ကို အောက်တိုဘာ ၅ ရက်မှ ၁၈ ရက်အထိ အပူဇော်ခံမည်ဖြစ်၍ အပူဇော်ခံနေစဉ်ကာလအတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများက လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

တောင်တွင်းကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဖေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရာတွင် နှစ်လက်မ ပတ်လည်(ရာပြည့်) မျက်ပါးရွှေဆိုင်း တစ်ဆိုင်းလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် တစ်ဦးတည်းဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး အလိုက်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ကြောင်း စေတီတော်ကြီး၏ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(မိသနီးမြေ)**



## မိုးရာသီ အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆု ချီးမြှင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မင်းကန်ကျေးရွာအုပ်စု၊ ဇီးတောကျေးရွာတွင် မိုးရာသီ အလွတ်တန်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆု ချီးမြှင့်ပွဲကို အောက်တိုဘာ ၃ ရက် ညနေ ၄ နာရီခွဲက ဇီးတောကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကိုကိုလွင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ပိုင်ထွန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြို့နယ်ကော်မတီဝင်များ၊ ရပ်/ကျေးပါတီဝင်များ၊ မင်းကန်အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဘောလုံးပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ အားကစားဝါသနာရှင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၄၈ သင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမဆု မင်းကန်အသင်း၊ ဒုတိယဆု ဇီးတောအသင်းတို့က ရရှိကြပြီး ဆုများကို လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ မြို့နယ်အား/ကာမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်အောင်သိန်းတို့က အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ရွှေရန်ကင်း**

## ကူညီကယ်ဆယ်ရေး ယာဉ်၊ စက်ပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်စုဖွဲ့ထား

**ကျောက်ဆည် အောက်တိုဘာ ၆**

ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယာဉ်၊ စက်ပစ္စည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်စုဖွဲ့ထားကြောင်း သိရသည်။

ရာသီဥတုသတိပေးချက်များအပေါ် တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များနှင့်အညီ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၊ ရေစုပ်စက်များနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး Assault Boat များ ရေပြင်၌ အသင့်ချထားခြင်း၊ စက်နှိုးစမ်းသပ်ခြင်း၊ အသင့်စုဖွဲ့လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ထားရှိ ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

✽–✽–✽–✽–✽–✽–✽



## အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင် (၄၈)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင် (၈၀)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## ကျွဲ၊ နွားများ ပေါင်ပုတ်၊ လက်ပုတ်ရောဂါကာကွယ်ဆေးထိုးနှံပေး

**အမရပူရ အောက်တိုဘာ ၆**

မန္တလေး၊ အမရပူရမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မိုးရာသီတွင် ဖြစ်ပွားတတ်သော ကျွဲ၊ နွားများ ပေါင်ပုတ်၊ လက်ပုတ်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့က ကျည်းကိုင်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကုသရေးနှင့် မွေးမြူရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်မျိုးဝင်းနှင့် ဝန်ထမ်းများက ကျည်းကိုင်းကျေးရွာရှိ ကျွဲ၊ နွား ၅၉ ကောင်အား ပေါင်ပုတ်၊ လက်ပုတ်ရောဂါ ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက် လိုက်လံထိုးနှံပေးပြီး မိမိတို့ ကျေးရွာများရှိ ကျွဲ၊ နွားများအတွက် ကာကွယ်ဆေးကို စနစ်တကျ ထိုးနှံကြရန် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**လှဲလှဲနိုင်(အမရပူရ)**

✽–✽–✽–✽–✽–✽–✽

## ခွေးရူးပြန်ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ယမန်နေ့ နံနက် ၁၀ နာရီက အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးပြန်ရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးပြန်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာသင်းသင်းလှိုင်က ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာများနှင့် ကာကွယ်ရမည့် နည်းလမ်းများ၊ တိရစ္ဆာန်မှတစ်ဆင့် ခွေးရူးရောဂါကူးစက်နိုင်သည့် နည်းလမ်းများ၊ တိရစ္ဆာန်နှင့် လူအကြား ရောဂါကူးစက်မှုမခံရအောင် သတိထားလိုက်နာရမည့် အချက်များ၊ အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များကို ခွေးရူးရောဂါ မကူးစက်နိုင်အောင် ကာကွယ်မှုနည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များအတွင်းရှိ မွေးမြူထားသော ခွေးအကောင်ရေ ၁၀၀ ကို ခွေးရူးပြန်ရောဂါကာကွယ်ဆေးများအား အခမဲ့ ထိုးနှံပေးခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသင်းသင်းလှိုင်တို့က ကာကွယ်ဆေးထိုးနှံမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ပိုင်ဟိန်း**



❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မြန်မာ-အိန္ဒိယ U-17 အမျိုးသားဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၆

မြန်မာနှင့် အိန္ဒိယ U-17 အမျိုးသားဘောလုံးအသင်းတို့၏ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင် Star City အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD၊ MRTV Sports၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ" ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန

စာမျက်နှာ ၉ သို့ ❖






## နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင် E-Sports အသင်းအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

ရန်ကုန် အောက်တိုဘာ ၆

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် E-Sports အသင်းမှ မြန်မာနိုင်ငံ E-Sports အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကောင်းမြတ်စံ၊ ဒုတိယဥက္ကဋ္ဌ၊ နည်းပြများနှင့် အားကစားသမားများသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာ သိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ E-Sports အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ တိုင်းရင်းသား ဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့ ❖

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၆

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်နှင့် လက်ရွေးစင် အားကစားသမားများမှ တစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ အဖြစ် တက်လှမ်းနိုင်စေရန် ရည်ရွယ်၍

စာမျက်နှာ ၈ သို့ ✪



## ရန်ကုန်ယူနိုက်တက် (ယူ-၂၀)အသင်းနှင့် ရတနာပုံ (ယူ-၂၀)အသင်းတို့ တစ်ဖက်တစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၆

M League 2026 (U20) (week-18) ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်းနှင့် ရတနာပုံ(ယူ-၂၀) အသင်းတို့ပွဲစဉ်ကို ယနေ့ညနေက YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီနှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ရတနာပုံလူငယ်အသင်းက စိုးမောင်မောင်၏ အစောပိုင်း သွင်းဂိုးနှင့် ပွဲကိုဦးဆောင်ထားခဲ့ပြီး ရန်ကုန်အသင်းက ဖြိုးဝဏ္ဏစိုး၏ ဒုတိယပိုင်းနောက်ကျ သွင်းဂိုးနှင့် ရမှတ်တစ်မှတ်ရယူခဲ့သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၀)အသင်းသည် ပွဲစဉ် ၁၈ ပွဲကစား၊ ၁၂ ပွဲနိုင်၊ ၄ ပွဲသရေ၊ ၂ ပွဲရှုံး၊ ရမှတ် ၄၀ မှတ်နှင့် အဆင့်(၂)နေရာတွင် ရပ်တည်နေပြီး လာမည့်အောက်တိုဘာ ၁၂ ရက်၊ Falcon အသင်းနှင့် သီဟဒီပကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နိုင်ကမ္ဘာ

၀-၀-၀-၀



## ဒါနီအိုလ်မိုကို ယူရိုသန်း ၈၀ ဖြင့် ဘိုင်ယန်မြူးနစ်အသင်း ကမ်းလှမ်းသွားမည်




မြူးနစ် အောက်တိုဘာ ၆

ဘွန်ဒက်လီဂါထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဒါနီအိုလ်မိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့် အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ပွဲကစားပြီး ဂိုး ၂၀ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းသွားမည်ဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း ဒါနီအိုလ်မိုအတွက် ဘိုင်ယန်မြူးနစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဘာစီလိုနာအသင်းထံမှ ဒါနီအိုလ်မိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)